မြန်မာ့အလင်း

၁၂၇၃ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၁၀၈)

■ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ခေတ်မီ မီးသတ်တပ်ဖွဲ့ ဖြစ်အောင် တိုးချဲ့ဖွဲ့စည်း ပြည်သူဗဟိုပြုသော မီးသတ်ဖြစ်ရေးဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၅

ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် Sky Net ရုပ်သံလိုင်းက ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ မီးသတ်ယာဉ်လေးစီးပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်မိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ရွှေသံလွင်မီဒီယာကုမ္ပဏီအနေဖြင့် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ကထုတ်လုပ်သည့် မီးသတ်ယာဉ်အစီး ၃၀ နှင့် လူနာတင်ယာဉ်အစီး ၃၀ လှူဒါန်းရန် စီစဉ်ထားသည့်အနက် ယခုမီးသတ်ယာဉ်လေးစီးကို မီးသတ်ဦးစီးဌာနသို့ ပေးအပ်လှူဒါန်းသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခင်နှစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)ခရီးစဉ်သွားရောက်ခဲ့စဉ်က ရပ်ရွာပြည်သူလူထု၏ တင်ပြတောင်းခံချက်၊ နိုင်ငံတော်၏တိုက်တွန်းချက်နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီကကုသိုလ်ပြုလှူဒါန်းပေးသည့်အတွက်

စာမျက်နှာ ၈ ကော်လံ ၁ ❐

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် Sky Net ရုပ်သံလိုင်းက လှူဒါန်းသည့် မီးသတ်ယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတဦးညဏ်ထွန်း တရုတ်နိုင်ငံ ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့ နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jian ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် နိုင်ငံတော်သမ္မတရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနှင့်တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်သွားရေး၊ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ လုပ်ငန်းများအောင်မြင်လာအောင်ဆောင်ရွက်ရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ယနေ့ မာတိကာ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် အခြေခံလူတန်းစားများကို ဗဟိုပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အရေးကြီး — ခေါင်းကြီး — စာ-၂

စီရိုနယ်ဒို ရီးရဲမက်ဒရစ်မှ ထွက်ခွာရန် နီးလာ — စာ-၁၂

အမှတ်ပြည့်ယူဖို့ လိုအပ်နေတဲ့ ဂျူဗင်တပ်စ်ရဲ့ပွဲစဉ် (၂၁) — စာ-၁၃

ကျန်းမာရေးသတိပေးချက်

အအေးမိ၊ တုပ်ကွေး ဖျားနာပျောက်ဆေး ဝယ်ယူတိုင်း ဆေးကတ်ကိုသေချာကြည့်ပါ။

သင်သောက်သုံးသောဆေးတွင် Phenylpropanolamine (ဖီနိုင်းပရိုပါနိုလမင်း) 'PPA' ပါဝင်ပါက လေဖြတ်နိုင်ပါသည်။

FLUZA ၌ လေဖြတ်စေသော Phenylpropanolamine (ဖီနိုင်းပရိုပါနိုလမင်း) 'PPA' မပါဝင်သောကြောင့် "ဖလူဇာ" ကို သင်နှင့် သင့်မိသားစုဝင် အားလုံးယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ပါသည်။

Distributed By

MEDICAL

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အရည်အသွေးမီ ထုတ်လုပ်မှုဖြင့် ယှဉ်ပြိုင်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် အခြေခံလူတန်းစားများကို ဗဟိုပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အရေးကြီးပေသည်။ ကမ္ဘာ့ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးတို့တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကကျောရိုးမဏ္ဍိုင်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် ထိုအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိသည်။ ပြည်သူလူထုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထုလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းအားလုံး တိုးတက်အောင် အားပေးမြှင့်တင်ပေးရန် လိုအပ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မကြာမီက ကျင်းပသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေး၌ ပြောကြားခဲ့သည်။

လက်ရှိအခြေအနေတွင် မြန်မာတစ်နိုင်ငံလုံး၌ စက်မှုလက်မှုလုပ်ငန်းပေါင်း ၁၂၆၉၅၈ ခုရှိသည်။ ယင်းတို့အနက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ၁၂၆၂၃၇ ခုပါဝင်သည်။ အဆိုပါ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနက် စက်မှုဇုန်အသီးသီး၌ ၉၅၆ ခု၊ စက်မှုဇုန်ပြင်ပ၌ ၃၃၆၄ ခု၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ ၇၇၆၃ ခု၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မှတ်ပုံတင်ထားသော လုပ်ငန်း ၁၃၂၆၃ ခု၊ မှတ်ပုံတင်ခြင်းမရှိသေးသော လုပ်ငန်းပေါင်း ၆၂၀၀၀ ရှိကြောင်း သိရသည်။

အဆိုပါ စီးပွားရေးလုပ်ငန်းအသီးသီး ဖွံ့ဖြိုးတိုးတက်လာအောင် သက်ဆိုင်ရာတိုင်းဒေသကြီးအသီးသီးတို့မှ လုပ်ငန်းကော်မတီများအား ကူညီပေးကြရမည်ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်အသီးသီးတို့ကလည်း မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးမီထုတ်လုပ်မှုဖြင့် ယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အရ ကုန်စည်နှင့်ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွာ စီးဆင်းရောင်းဝယ်ဖောက်ကားခွင့်ပြုသည့်အခါ ပြည်ပနိုင်ငံများ၏ထုတ်ကုန်များအပေါ် မျှော်မှန်းလျက် အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်မှုဖြင့် ယှဉ်ပြိုင်သွားကြရန် အထူးလိုအပ်ပေသည်။ ထိုသို့ ယှဉ်ပြိုင်စွမ်းအားဖြင့် ထုတ်လုပ်နိုင်စွမ်းမရှိချေက ပြည်တွင်းအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ထိခိုက်လာနိုင်သည်။ သို့ဖြစ်၍ ပြည်သူလူထုဗဟိုပြု စီးပွားရေးလုပ်ငန်းများအားလုံး အစိုးရက အားပေးကူညီသွားမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်အသီးသီးတို့အနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ပြည်ပဈေးကွက်ကို ယှဉ်ပြိုင်နိုင်ရန် အရည်အသွေးမီထုတ်လုပ်မှုဖြင့် ယှဉ်ပြိုင်သွားကြရမည်ဖြစ်ပါကြောင်း။ ။

အမြို့မြို့
အနယ်နယ်ပျံ့သည့် သတင်းစာ
မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်း

ပဲခူးတိုင်းဒေသကြီးအတွင်း လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၅

ရန်ကုန်-ပဲခူး-မန္တလေးလမ်း၊ရန်ကုန်-ပဲခူးအပိုင်းနှင့် ပဲခူး-ညောင်လေးပင်အပိုင်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်နေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇန်နဝါရီ ၁၃ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေးလမ်း၊ ညောင်လေးပင်-မဒေါက်-ရွှေကျင်လမ်းအပိုင်း မိုင်တိုင်(၁၂/၀)ရှိ မဒေါက်ကလေးတံတားတည်ဆောက်နေမှု၊ ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ညောင်လေးပင်-ဇေယျာဝတီ လမ်းပိုင်း၊ ဇေယျာဝတီ-ရေတာရှည်လမ်းပိုင်း၊ ခပေါင်း-

မြစ်စု-ထန်းတပင်လမ်းပေါ်ရှိ စစ်တောင်းတံတားအမှတ်(၃) (ထန်းတပင်) တည်ဆောက်နေမှုနှင့် စစ်တောင်းမြစ်ရေလမ်းကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဖျာပုံမြို့ သဘော်ဆိပ်လမ်း ဆိုင်ကယ်၊ ဆိုက်ကားများစည်းကမ်းရှိစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

ဖျာပုံမြို့ ဧရာဝတီသဘော်ဆိပ်နှင့် ဆယ်နာရီဈေးအဝင်လမ်း အချက်အချာကျသော မဟာဗန္ဓုလလမ်းနှင့် (၁)လမ်းတို့ဆုံရာနေရာသည် ရန်ကုန်-ဖျာပုံသဘော်များမှ ကုန်ပစ္စည်းများ အတင်အချပြုလုပ်ရာ နေရာလည်းဖြစ်သည့်အပြင် အနယ်နယ်အရပ်ရပ်မှ ကုန်သည်များ၊ မြို့နေပြည်သူများ၊ အဓိကထား ရောင်းဝယ်ကြသည့် ဆယ်နာရီဈေး တည်ရှိရာနေရာ လမ်းဆုံတစ်ခုလည်းဖြစ်သည်။ ယခုလမ်းဆုံနေရာကို တစ်လမ်းမောင်းနေရာအဖြစ် သတ်မှတ်ထားပြီး သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များ၊ ထော်လာဂျီများဝင်ရောက်ခြင်းမပြုရသည့် နေရာလည်းဖြစ်သည်။ နံနက် ၂ နာရီမှစ၍ စည်ကားရောင်းဝယ်နေသော နေရာလေးသည် ဖျာပုံမြို့၏ စီးပွားရေးအချက်အချာစားဝတ်နေရေး အဆင်ပြေစေသည့် ကုန်စည်ဖလှယ် ရောင်းဝယ်နေကြသည်မှာ နေ့စဉ် မင်္ဂလာရှိစွာ မြင်တွေ့နေရသည်။

လူအများအတွက် အကျိုးပြုသော နေရာလေးတွင် တစ်လမ်းမောင်းလမ်းကို ပိတ်ဆို့၍ လူအများကို အနှောင့်အယှက်ဖြစ်စေသော ဆိုက်ကား၊ ဆိုင်ကယ်များကဂိတ်မရှိဘဲ လမ်းလယ်ကောင်ရပ်၍ လူအတင်အချပြုလုပ်ခြင်း၊ သုံးဘီးကား၊ ထော်လာဂျီတို့က သတ်မှတ်နေရာ၊ သတ်မှတ်ဝင်ရောက်ချိန်မဟုတ်ဘဲ ဝင်ရောက်အတင်အချပြုလုပ်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်အခြေကျ ဈေးဆိုင်များအနေဖြင့် လမ်းပိတ်ဆို့မှုဖြစ်၍ ဈေးမရောင်းရခြင်း၊ ဈေးဝယ်လာသူများ၏ စက်ဘီး၊ ဆိုက်ကားများနှင့် ပွတ်တိုက်ခြင်းများ မကြာခဏဖြစ်ပေါ်နေသည်မှာ ကာလအတန်ကြာပြီဖြစ်သည်။

ဖျာပုံမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ချမှတ်ထားရာတွင် (၂)လမ်းမှ (၁)လမ်းသို့ စတင်ဝင်ရောက်ရာတွင် တစ်လမ်းမောင်းအဖြစ် သတ်မှတ်ထားရာ လမ်းပိတ်ဆို့မှုကြောင့် လမ်းပြောင်းပြန်မောင်းမိ၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေး၏ အရေးယူခံနေရခြင်းကို ဈေးဝယ်လာသူများနှင့် အခြားခရီးသွားများ နေ့စဉ်ကြုံတွေ့နေရသဖြင့် အခြားဖြတ်လမ်းတစ်ခုဖြစ်သော ရွာလယ်လမ်းကို နှစ်လမ်းမောင်းအဖြစ် အဝင်အထွက်သတ်မှတ်ပေးသင့်ပြီး ဧရာဝတီသဘော်ဆိပ်လမ်းအား စည်းကမ်းများ ချမှတ်ဆောင်ရွက်ပေးခြင်းကို ပြည်သူများက လိုလားလျက်ရှိကြောင်း ထင်သာမြင်သာ ကဏ္ဍမှ ရေးသားတင်ပြလိုက်ရပါသည်။

(ဝ၇၁)

လယ်ယာမြေလုပ်ပိုင်ခွင့် စုပေါင်းလျှောက်ထား

ပင်လောင်း ဇန်နဝါရီ ၁၅

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တောင်ကြီးခရိုင် ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာအုပ်စု ဆောင်းတွံကျေးရွာ ဘုန်းကြီးကျောင်း၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရေးစီမံချက်အရ ဇန်နဝါရီ ၁၁ ရက်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရန် စုပေါင်းလျှောက်ထားခြင်း အခမ်းအနားကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးစောဘိုရဲက လယ်ယာမြေဥပဒေနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ကဏ္ဍအလိုက် ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလျှောက်လွှာများ ထုတ်ပေးခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

တောင်သူလယ်သမားများအနေဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိပြီးပါက လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်မှ ထွက်ပေါ်လာသော အကျိုးအမြတ်ခံစားခွင့်၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းလဲလှယ်၊ ပေးကမ်းခွင့်များ၊ အမွေဆက်ခံခြင်းနှင့်ပတ်သက်၍ အငြင်းပွားမှုပေါ်ပေါက်လာပါက သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူပိုင်ခွင့်စသည့် အခွင့်အရေးများကို ရရှိခံစားရမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)



ပြည်တွင်းသတင်း

နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)
၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၆)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)
၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းရင်းဆေးကောင်စီဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော "တစ်ဆက်တည်း သုံးကြိမ်အထိ"ဆိုသည့်စကားရပ်ကို "တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌမှအပ ကျန်ကောင်စီဝင်များ၏သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ တိုင်းရင်းဆေးကောင်စီဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(င)အား "တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေး၊ သင်ကြားရေးများ၊ သုတေသနပြုရေးများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသို့ လိုအပ်သည့် အကြံပြုချက်များ တင်ပြခြင်း"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းရင်းဆေးကောင်စီဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(စ)အား "နိုင်ငံခြား တိုင်းပြည်တစ်ခုခု၏ တိုင်းရင်းရိုးရာဆေးပညာကို အသုံးပြု၍ကုသသော ဆေးဆရာများအား ဆေးကုသခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဆေးကုသခွင့်လိုင်စင်ထုတ်ပေးရန် ၎င်းတိုင်းရင်းရိုးရာ ဆေးပညာအတွက် လိုအပ်သောလက်မှတ်၊ ကုသမည့်ဆေးဆရာတို့၏ အရည်အချင်းတို့ကို တိုင်းရင်းဆေးပညာဦးစီးဌာနကစိစစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုချက်တင်ပြခြင်းနှင့် ထောက်ခံချက်ပေးခြင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းရင်းဆေးကောင်စီဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)တွင်ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ"ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်တစ်သိန်းအထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အားတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Vijay Nambia ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Vijay Nambia အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမြင်ချင်းဖလှယ်

ထိုသို့ တွေ့ဆုံရာတွင် ပဋိပက္ခဒေသအတွင်း ရေရှည်လိုအပ်ချက်ဖြစ်သည့် ပညာရေးနှင့်ကျန်းမာရေးတို့တွင် အကူအညီပေးရေး၊ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပိုမိုထောက်ပံ့ပေးနိုင်ရေး၊ အယ်ဂျားဇီးရားသတင်းဌာန၏ မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်မှုများနှင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရရှိလာနေသည့် အခြေအနေများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ယုံကြည်မှုတည်ဆောက်ရေးနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ နိုင်ငံတော်အနေဖြင့် ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်မှုများကို စိစစ်ဆောင်ရွက်နေမှုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဒေါ်စုစုလှိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့၊ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၀ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ သာယာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတကာသတင်း

ပါကစ္စတန်မှ ၆၅ နှစ် ကျော်သူများ အိန္ဒိယသို့ ဗီဇာဖြင့် သွားရောက်နိုင်

နယူးဒေလီ ဇန်နဝါရီ ၁၅

ပါကစ္စတန်နိုင်ငံမှ အသက်အရွယ်ကြီးရင့်သူများအတွက် အိန္ဒိယနိုင်ငံက နှစ်နိုင်ငံသဘောတူညီချက်အရ ဆိုက်ရောက်ဗီဇာများ စတင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ဇန်နဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံမှ အသက် ၆၅ နှစ်ကျော် အမျိုးသားအမျိုးသမီးကြီးများအား ထိုသို့ဗီဇာများ ထုတ်ပေးခြင်းသည် ၂၀၀၈ ခုနှစ်က မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုနောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးဆိုးရွားခဲ့ပြီးနောက် အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်စေသည့် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။

ပြီးခဲ့သည့် ရက်အနည်းငယ်က ကတ်ရှမီးယားဒေသတွင် နှစ်နိုင်ငံ တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သော်လည်း အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံ စစ်ဘက်ခေါင်းဆောင်များ တွေ့ဆုံမှုတစ်ရပ်ပြုလုပ်ပြီး နှစ်နိုင်ငံနယ်စပ်၌ တင်းမာမှုလျော့ကျရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ပါကစ္စတန်နိုင်ငံမှ အသက် ၆၅ နှစ်ကျော် အမျိုးသားအမျိုးသမီးကြီးများသည် လာဟိုးမြို့အနီး ဝါဂါတ်နယ်စပ်ဂိတ်မှ နေ၍ ဆိုက်ရောက်ဗီဇာဖြင့် နေ့စဉ်ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအကြား အိန္ဒိယသို့ သွားလာနိုင်ကြမည်ဖြစ်သည်။ **(ဆင်ဟွာ)**

စစ်သားသစ်များစီးလာသည့် အီဂျစ်ရထား လမ်းချော်မှုဖြစ်

ကိုင်ရို ဇန်နဝါရီ ၁၅

အနည်းဆုံးလူ ၁၉ ဦးသေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရရှိခဲ့သော ရထားလမ်းချော်မှုတစ်ရပ် အီဂျစ်နိုင်ငံကိုင်ရိုမြို့တောင်ပိုင်းတွင် ဇန်နဝါရီ ၁၄ ရက်က ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

ဂီဇာဘာဒရာဂွန်းအရပ်တွင် အဆိုပါရထားလမ်းချော်မှု ဖြစ်ပွားခြင်းဖြစ်ပြီး ၁၀၇ ဦးဒဏ်ရာရရှိခဲ့ရာ အနီးရှိဆေးရုံသို့ တင်ပို့ခဲ့ရသည်။ သေဆုံးသူများမှာ ထင်ထားသည်ထက် ပိုများနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ ပြောကြားချက်ကို ကိုးကား၍ မီနာသတင်းဌာနမှ ဖော်ပြခဲ့သည်။

လွန်ခဲ့သော နှစ်လခန့်က ရထားတစ်စင်းနှင့် ကျောင်းကားတစ်စီးတိုက်မိပြီးနောက် မီးရထားလမ်းပိုင်း ကွန်ရက်စနစ်အား ပြုပြင်နိုင်ရေး ပို့ဆောင်ရေးဝန်ကြီးသစ်ခန့်အပ်ခဲ့ပြီး နှစ်ပတ်မပြည့်မီ ယခုတစ်ဖန်ရထားလမ်းချော်မတော်တဆမှုဖြစ်ခဲ့ခြင်းဖြစ်သည်။ ယင်းရထားတွင် တွဲပေါင်း ၁၂ တွဲပါဝင်ပြီး စစ်မှုထမ်းရန် လိုက်ပါလာသော အီဂျစ်စစ်သားသစ်များ ၁၃၂၈ ဦးတို့အား ကိုင်ရိုမြို့သို့ တင်ဆောင်လာခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားဧည့်သည် နှစ်သန်းကျော် အန်ကောဝပ်ဘုရားကျောင်းတော်သို့ လာရောက်

ဖနောင်ပင် ဇန်နဝါရီ ၁၅

ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ဘုရားကျောင်း (အပေါ်ပုံ) **သည် ကမ္ဘာ့အထင်ကရနေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် လာရောက်လည်ပတ်သူ နိုင်ငံခြားခရီးသွားဧည့်သည် ၂ ဒသမ ၀၆ သန်းရှိခဲ့ရာ ယခင်နှစ်များက လာရောက်လည်ပတ်သူ ၁ ဒသမ ၆၁ သန်းရှိခဲ့သဖြင့် ပမာဏ ၂၈ ရာခိုင်နှုန်းပိုများလာကြောင်း ခရီးသွားလာရေးဌာနမှ သတင်းထုတ်ပြန်သည်။**

နိုင်ငံတွင်းယဉ်ကျေးမှုနယ်မြေများတွင် အကြီးမားဆုံးဖြစ်သော အန်ကောဝပ်ဘုရားကျောင်းသို့ လာရောက်လည်ပတ်သူအများစုမှာ တောင်ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှဖြစ်ကြပြီး ၂၀၁၂ ခုနှစ်အတွင်း တောင်ကိုရီးယားမှ ၃၃၉၅၃၀၊ ဗီယက်နမ်မှ ၂၂၀၀၅၀၊ တရုတ်နိုင်ငံမှ ၁၈၄၉၆၅ ဦး၊ ဂျပန်နိုင်ငံမှ ၁၃၄၆၃၀နှင့် ထိုင်းနိုင်ငံမှ ၁၂၉၆၆၀ တို့ လာရောက်လည်ပတ်ခဲ့ကြသည်ဟု ဆီရမ်ရိပြည်နယ် ခရီးသွားဌာနမှ ပြောကြားခဲ့သည်။

"ကျွန်တော်တို့က ဘုရားကျောင်းသို့ လာရောက်လည်ပတ်သူ ဧည့်သည်များအတွက် နိုင်ငံတွင်း လုံခြုံစိတ်ချရမှု အပြည့်ပေးထားပါတယ်။ ဆီရမ်ရိမြို့နဲ့ အခြားနိုင်ငံတွေကို တိုက်ရိုက်သွားလာနိုင်တဲ့ လေကြောင်းလိုင်းများကိုလည်း တိုးချဲ့ပေးထားပါတယ်၊ ယခုနှစ်အတွက် ခရီးသွားဧည့်သည်လာရောက်မှု ၁၅ ရာခိုင်နှုန်း ပိုတိုးလာစေဖို့လည်း မျှော်လင့်ထားပါတယ်" ဟု ဆီရမ်ရိဒေသဆိုင်ရာ ခရီးသွားဌာန၏ အကြီးအကဲဖြစ်သူ ချိုရီချန်က ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အန်ကောဝပ်ဘုရားကျောင်းကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၏ အနောက်မြောက်ဘက် ၃၁၅ ကီလိုမီတာခန့် အကွာတွင် တည်ရှိသည်။

သတ်မှတ်ထား

ဘုရားကျောင်းသို့ လာရောက်လည်ပတ်သူ ခရီးသွားဧည့်သည်များအတွက် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၂၀၊ သုံးရက်ကြာ လာရောက်သူများအတွက် ဒေါ်လာ ၄၀ နှင့် တစ်ပတ်ကြာ လာရောက်လည်ပတ်သူများအတွက် ဒေါ်လာ ၆၀ သတ်မှတ်ထားသည်။ ခရီးသွားလာရေးလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကပင်မစီးပွားရေးလုပ်ငန်းများအနက် တစ်ခုပင်ဖြစ်သည်။ **(ဆင်ဟွာ)**

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဖယ်ရှားခံရ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၅

ပါကစ္စတန်ဝန်ကြီးချုပ်က ဘလူချီစတန်ပြည်နယ် အနောက်တောင်ပိုင်းပြည်နယ်အုပ်ချုပ်ရေးမှူးအား မကြာမီက ကွတ်တာမြို့ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အလုပ်မှဖြုတ်လိုက်ကြောင်း ဇန်နဝါရီ ၁၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ မိမိတို့အနေဖြင့် နှစ်လတာအတွင်း ဘလူချီစတန်အုပ်ချုပ်ရေးမှူးများ ဥပဒေကို ပြဋ္ဌာန်းရန်လည်း ဆုံးဖြတ်လိုက်ကြောင်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူးကိုလည်း ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ပါဗက်ဇ်အရှာရက် ဆိုသူက ပြောသည်။ **(ပရက်စ်တီဗွီ)**

နယူးဇီလန်တောင်ပေါ်မှ တောင်တက်သမားနှစ်ဦး ကယ်ဆယ်ခဲ့ရ

ဝယ်လ်တန် ဇန်နဝါရီ ၁၅

နယူးဇီလန်နိုင်ငံတောင်ပိုင်း အဲပ်စ်ရှိ တက်စ်မင်န်တောင်ပေါ်တွင် နှစ်ညတာပိတ်မိနေခဲ့သော တောင်တက်သမားနှစ်ဦးကို ကယ်ဆယ်ရေးများ ဆောင်ရွက်ပေးခဲ့ရကြောင်း ဇန်နဝါရီ ၁၅ ရက်က အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ တောင်တက်သမားအမျိုးသားနှစ်ဦးမှာ အသက် ၂၃ နှစ်အရွယ် ဩစတြေးလျနိုင်ငံသားနှင့် အသက် ၂၅ နှစ်အရွယ် ဗြိတိန်နိုင်ငံသားတို့ ဖြစ်ကြပြီး ၎င်းတို့နှစ်ဦး တက်စ်မင်န်တောင်ထိပ်အနီးရှိ ရေခဲပြင်အက်ကြောင်းနက်ကြီးတစ်ခုအတွင်း ဇန်နဝါရီ ၁၄ ရက်နံနက်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတို့နှစ်ဦးသည် ဇန်နဝါရီ ၁၂ ရက်က တောင်ပေါ်တက်ပြီး ပြန်အဆင်းတွင် မအောင်မြင်ဖြစ်ပြီးနောက် ပျောက်ဆုံးနေခဲ့ခြင်းဖြစ်သည်ဟု စစ်ဆေးရေးအရာရှိ ဒေးဗစ်ဂက်စ်ကင်က ပြောကြားသည်။ တောင်တက်သမားနှစ်ဦးအား လိုအပ်သည့် ဆေးဝါးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန်အတွက် ကွတ်တောင်ပေါ်ကျေးရွာသို့ ခေါ်ဆောင်ခဲ့သည်ဟု ဆိုသည်။ ကနဦးထုတ်ပြန်ချက်အရ ယင်းတို့နှစ်ဦးသည် စိုးစွတ်သည့်အအေးဒဏ်ခံရမှုမှတစ်ပါး ဒဏ်ရာပြင်းပြင်းထန်ထန်မရရှိဟုဆိုသည်။ **(အောက်ပုံ)(အေပီ)**

အစ္စရေးအိမ်ရာသစ်စီမံကိန်း စွန့်လွှတ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းပြောကြား

နယူးယောက် ဇန်နဝါရီ ၁၅

ပါလက်စတိုင်းပိုင် မြေများပေါ်တွင် အစ္စရေးတို့၏ အခြေချအိမ်ရာသစ်များ တည်ဆောက်ရေးနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇန်နဝါရီ ၁၅ ရက်တွင် ထပ်မံထုတ်ပြန်ပြောကြားသည်။

တိုက်တွန်းခဲ့

ပါလက်စတိုင်းပိုင်မြေပေါ် အိမ်ရာသစ်များတည်ဆောက်မည့် စီမံကိန်းသည် နယ်ချဲ့ဝါဒတစ်ရပ်ပင်ဖြစ်၍ အစ္စရေးအစိုးရအနေဖြင့် ထိုစီမံကိန်းကို စွန့်လွှတ်ရန်လည်း ဘန်ကီမွန်းက တိုက်တွန်းခဲ့သည်။

အနောက်ဘက်ကမ်းဒေသတွင် အိမ်ရာသစ် ၁၇၀ နှင့် တည်းခိုရိပ်သာ ၈၄ လုံးကို တည်ဆောက်မည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက နိုင်ငံတကာအသိုင်းအဝိုင်းကန့်ကွက်နေသည့်ကြားမှ ကြေညာလိုက်သည်။

E1 နယ်မြေဟု သတ်မှတ်ထားသောနေရာတွင် အစ္စရေးတို့၏အိမ်ရာသစ်များ တည်ဆောက်မည့်စီမံကိန်းသည် အစ္စရေးအခြေစိုက်အိမ်ရာ မာအာလီအဒူမစ်အရပ်မှ အရှေ့ဂျေရုဆလင်ထိ ဆက်သွယ်ပြီး အနောက်ဘက်ကမ်းမြောက်ပိုင်းနယ်မြေများနှင့် တောင်ပိုင်းနယ်မြေများကို ပိုင်းခြားမည့်စီမံကိန်းဖြစ်သည်။

ဇန်နဝါရီ ၁၃ ရက်က အဆိုပါ E1 အရပ်တွင် အခြေချနေထိုင်သည့် ပါလက်စတိုင်းများနှင့် နိုင်ငံခြားသားတက်ကြွလှုပ်ရှားသူများကို အစ္စရေးရဲတို့က ဖယ်ရှားရှင်းလင်းခဲ့သဖြင့် ပါလက်စတိုင်းတို့၏အခွင့်အရေးများကို လေးစားရန် အစ္စရေးနိုင်ငံအား ဘန်ကီမွန်းက ဖိအားပေးပြောကြားခဲ့သည်။

အစ္စရေးရဲများနှင့် ပါလက်စတိုင်းတို့ အခင်းဖြစ်ပွားမှုအတွင်း ပါလက်စတိုင်း ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တချို့ကဆိုသည်။ **(ပရက်စ်တီဗွီ)**

ဖိလစ်ပိုင်၌ ရွေးကောက်ပွဲမတိုင်မီ သေနတ်ကိုင်ဆောင်မှုအား တားမြစ်ပိတ်ပင်

မနီလာ ဇန်နဝါရီ ၁၅

လက်နက်များကြောင့် ရွေးကောက်ပွဲပြိုင်ဘက်များ သွေးထွက်သံယိုဖြစ်သော သမိုင်းတစ်ရပ်ရှိခဲ့သည့် ဖိလစ်ပိုင်နိုင်ငံတွင် မေ ၁၃ ရက် ရွေးကောက်ပွဲ အတွင်း ဖြစ်ပွားဖွယ်ရှိသည့် အကြမ်းဖက်မှုအား ကြိုတင်ကာကွယ်ရန် နိုင်ငံတစ်ဝန်း၌ နေအိမ်အပြင်ဘက်သို့ သေနတ်များ ယူဆောင်ခြင်းအပေါ် ရက်ပေါင်း ၁၅၀ ပိတ်ပင်တားမြစ်သည့် အမိန့်တစ်ရပ်ကို ဇန်နဝါရီ ၁၃ ရက်က စတင်ခဲ့ကြောင်း ဇန်နဝါရီ ၁၄ ရက် အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြောကြား

အဆိုပါ ပိတ်ပင်တားမြစ်မှု အမိန့်သည် ဇန်နဝါရီ ၁၃ ရက်က စတင်ပြီး အကျုံးဝင်ကာ ဇွန် ၁၂ ရက်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း၊ ပြည်သူများသွားလာရာ ဧရိယာများအတွင်း သေနတ်များယူဆောင်ခွင့်အားလုံးကို ရပ်ဆိုင်းထားကြောင်း၊ အစိုးရထိပ်တန်းအရာရှိများ၊ တာဝန်ကျတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးခြိမ်းခြောက်မှုခံနေရသူများသာလျှင် ယူဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဆစ်တိုဘရီလန်တက်စ်ဂျူနီယာက ပြောကြားခဲ့သည်။ ယင်းတားမြစ်မှုဥပဒေ ချိုးဖောက်သူများသည် ထောင်ဒဏ်ခြောက်နှစ်အထိ ပြစ်ဒဏ်ကျခံရဖွယ်ရှိသည်ဟု ဆိုသည်။

လှည့်လည်ဆောင်ရွက်

ပြီးခဲ့သည့် နှစ်များက ရွေးကောက်ပွဲအကြမ်းဖက်မှုနှင့် လိမ်လည်မှုအတွက် ပြစ်တင်ရှုတ်ချခံရလေ့ရှိသည့် နိုင်ငံရေးသမားဟောင်းအုပ်စုနှင့် နိုင်ငံရေးသမားအသစ်အုပ်စုများအကြား အာဏာရရှိရေးအတွက် ပြိုင်ဆိုင်မှုရှိသည့် ဖိလစ်ပိုင်နိုင်ငံတွင် ၎င်းတို့၏ ငြိမ်းချမ်းသောနှစ်လယ်ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ရွေးကောက်ပွဲအဖွဲ့နှင့် ရဲတပ်ဖွဲ့အရာရှိများက မနီလာမြို့ နယ်နိမိတ်အတွင်း စစ်ဆေးရေးဂိတ်များတွင် လုံခြုံရေးဆိုင်ရာစစ်ဆေးမှုများ လှည့်လည်ဆောင်ရွက်ခဲ့ကြသည်။

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာဂန်ဒါနာအိုပြည်နယ်တွင် နိုင်ငံရေးပြိုင်ဘက်အုပ်စုနှစ်စုအကြား ရွေးကောက်ပွဲနှင့် ဆက်နွှယ်သည့် အဆိုးရွားဆုံး အကြမ်းဖက်မှုတွင် လက်နက်ကိုင်သမား ၁၀၀ ကျော်တို့ကြောင့် မီဒီယာသမား ၃၂ ဦး အပါအဝင် လူပေါင်း ၅၈ ဦး အစုအပြုံလိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။ **(အေပီ)**

ဝန်ထမ်းအလိုရှိသည်

M.E, B.E, B.Tech, A.G.T.I (Civil)

ကျား(၁၀)ဦး/မ (၁၀)ဦး

လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ ကိုယ်ရေးရာဇဝင်(အကျဉ်း)၊ အလုပ်သမား မှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာများနှင့်အတူ ၃၀-၁-၂၀၁၃ ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။

အမှတ် (၁၅၇)၊ ဦးထွန်းညိုလမ်း၊ စက်မှုဇုန်-၃၊ ရွှေပြည်သာ၊
ဖုန်း-၆၁၈၆၀၇၊ ၆၁၈၆၀၈၊ ၆၁၈၆၀၉၊ ၆၁၈၆၁၀

တင်မောင်လွင်
စုစည်းသည်

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ၏ ဘာသာရေးဆည်းကပ်ကိုးကွယ်မှု၊ ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှု၊ မြန်မာ့ရိုးရာပန်းပညာများကို ကမ္ဘာလှည့်ခရီးသွားများမှတစ်ဆင့် ကမ္ဘာက သိရှိလာအောင် အပြောင်မြောက်ဆုံးလက်ရာများဖြင့် ဆောင်ရွက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ယန်မြို့ မဟာစိနပဘာ ရွှေတိဂုံပုံတူစေတီတော် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ယန်မြို့ မဟာစိနပဘာ ရွှေတိဂုံပုံတူစေတီတော် တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၁၁ ခုနှစ်မှာ တရုတ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ၄၈ ရက်ကြာ ကြွရောက်အပူဇော်ခံယူပြီးသည့်နောက် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဘာသာရေးနှင့် ပတ်သက်သော Delegation များ အပြန်အလှန်သွားလာကြသည့်အပြင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်နှင့် တရုတ်ဗုဒ္ဓစွယ်တော်တိုက်တို့အကြား ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MOU)အရ ဗုဒ္ဓဘာသာဝင် ဆရာတော်များ အချင်းချင်း၊ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်များအချင်းချင်း အခမ်းအနားများ အပြန်အလှန်တက်ရောက်ရေး ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို သဘောတူခဲ့ကြခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို အသိအမှတ်ပြုသည့်အနေဖြင့် မြန်မာပြည်သူဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ဆည်းကပ်ရာမှာ အံ့မခန်းဖွယ်ဖြစ်သည်ဆိုသည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ဖြစ်သည့် ရွှေတိဂုံစေတီတော်၏ ပုံတူစေတီတော်ကို ကိုးကွယ်လိုသည့်အတွက် တရုတ်နိုင်ငံသို့ လာရောက်တည်ထားရန် နိုင်ငံတော်သမ္မတကြီးအား ၂၀၁၁ ခုနှစ်၊ မေလတွင် တရုတ်နိုင်ငံကို သွားရောက်ခဲ့သည့် ခရီးစဉ်၌ တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက မေတ္တာရပ်ခံခဲ့ပါကြောင်း။

၎င်းမေတ္တာရပ်ခံချက်အရ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့်က ဗုဒ္ဓဘာသာ ထွန်းကားခဲ့သော အထောက်အထားအငွေ့အသက်များရှိသည့် တရုတ်နိုင်ငံ လော့ယန်မြို့ မြင်းဖြူကျောင်းဝင်းအတွင်း ရွှေတိဂုံပုံတူစေတီတော်ကို တည်ဆောက်ရန် စီစဉ်ခဲ့ပါကြောင်း။

တရုတ်နိုင်ငံ၌ ရွှေတိဂုံပုံတူစေတီတော် တည်ထားနိုင်ရေးသည် မိမိနိုင်ငံ၏ပြင်ပမှာ သွားရောက်ဆောင်ရွက်ရတာဖြစ်သည့်အတွက် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ပါကြောင်း။

ယခု ရွှေတိဂုံပုံတူစေတီတော် တည်ဆောက်သည့်လုပ်ငန်းတွင် နှစ်ပိုင်းတွေ့ရမည်ဖြစ်ပါကြောင်း၊ ပထမပိုင်းအနေဖြင့် မြန်မာနိုင်ငံမှာ ကျွမ်းကျင်ပညာရှင်များနှင့် ဆောင်ရွက်ရသော စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော် စသည့် စေတီတော်ဆိုင်ရာများနှင့် ကျွန်းသားဘုရား၊ ကျောက်စိမ်းဘုရား၊ စကျင်ဘုရား၊ ကြေးဆင်းတု ရုပ်ပွားတော်များ ထုလုပ်သည့်ကိစ္စများနှင့် ဒုတိယပိုင်းဖြစ်သည့် တရုတ်နိုင်ငံက ပြုလုပ်မည့် ပင်မစေတီတော်ကြီး Structure တည်ဆောက်ရေးလုပ်ငန်းတို့ ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှာ စတင်ခဲ့ပြီး နှစ်နှစ်အတွင်း အပြီးတည်ဆောက်မည်ဟု သိရှိရပါကြောင်း။

မြန်မာနိုင်ငံအတွင်း ဆောင်ရွက်ရမည်ဖြစ်သော ပန်းပညာမြန်မာမှုများကို ဗုဒ္ဓဘာသာ ဓလေ့ထုံးစံများနှင့်အညီ အကောင်းဆုံးလက်ရာများနှင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဆောင်ရွက်ပြီးသော စေတီတော်ဆိုင်ရာ မြန်မာမှုများကို တရုတ်နိုင်ငံသို့ ပို့ဆောင်သည့်အခါတွင်လည်း ထိခိုက်ပျက်စီးမှုမရှိအောင်၊ လုံခြုံရေးရှိအောင် နှစ်နိုင်ငံသဘောတူညီ ညှိနှိုင်းချက်များနှင့် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

နောက်တစ်ချက်ဖြစ်သည့် တရုတ်နိုင်ငံမှာ စေတီတော်ပင်မတည်ဆောက်ရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင်၊ သဘာဝဘေးအန္တရာယ်များ ဒဏ်ခံနိုင်အောင် သတ်မှတ်စံချိန်၊ စံနှုန်းများနှင့်အညီ တည်ဆောက်ရန်လိုအပ်ပါကြောင်း၊ စစ်ဆေးကြပ်မတ်မှုအပိုင်းကို တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အဖွဲ့က တည်ဆောက်မှုလုပ်ငန်း ပြီးစီးမှုအပိုင်းလိုက် စစ်ဆေးကြပ်မတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လော့ယန်မြို့ မြင်းဖြူကျောင်းဝင်းအတွင်း၌ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ဗုဒ္ဓဘာသာအဆောက်အအုံတို့ရှိကြကြောင်းသိရှိရပါကြောင်း၊ ယခု မြန်မာနိုင်ငံက တည်ဆောက်မည့် ဉာဏ်တော်အမြင့် ၁၀၈ ပေ ရွှေတိဂုံပုံတူစေတီတော်ကြီးသည် ဗုဒ္ဓဘာသာဆိုင်ရာနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံတွင် ဉာဏ်တော်အမြင့်ဆုံး စေတီကြီးဖြစ်လာမည် ဖြစ်ပါကြောင်း။

၎င်းဒေသကို ကမ္ဘာလှည့်ခရီးသွားများ အများအပြားလာရောက်ကြသည့်အတွက် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသော မြန်မာနိုင်ငံ၏ ဘာသာရေးဆည်းကပ်ကိုးကွယ်မှု၊ ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးမှု၊ မြန်မာ့ရိုးရာပန်းပညာများကို ကမ္ဘာလှည့်ခရီးသွားပြည်သူများမှတစ်ဆင့် ကမ္ဘာက သိရှိလာအောင် အကောင်းဆုံး၊ အပြောင်မြောက်ဆုံးလက်ရာများဖြင့် ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုအရလည်းကောင်း၊ နှစ်နိုင်ငံဘာသာရေးဆိုင်ရာ အပြန်အလှန် ကူးလူးဆက်ဆံမှုများအရလည်းကောင်း၊ နှစ်နိုင်ငံ ဘုန်းတော်ကြီးများ ဆက်သွယ်ဆောင်ရွက်မှုများအရ လည်းကောင်း၊ တရုတ်နိုင်ငံ လော့ယန်မြို့တွင် တည်ဆောက်မည့် ရွှေတိဂုံပုံတူစေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်းတွင် အလေးအနက်ထား ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်မှုအခြေအနေများကို တင်ပြပေးကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ

စာမျက်နှာ ၆ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

စာမျက်နှာ ၅ မှ

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက စေတီတော်တည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် စေတီတော်ကြီးအား ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်နိုင်ရေးအတွက် အကောင်းဆုံးကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ စေတီတော်ဆိုင်ရာ သာသနိကပစ္စည်းများအား ဥပ္ပါတသန္တိစေတီတော်နှင့် ရွှေတိဂုံစေတီတော်တို့တွင် ရင်ငွေ့လှုံပူဇော်ချိန်တွင်လည်း တစ်နိုင်ငံလုံး ဖူးမြော်ကြည်ညိုနိုင်အောင်၊ ပြည်တွင်းပြည်ပ အလှူရှင်များက စေတနာသဒ္ဒါတရားထက်သန်စွာဖြင့် လှူဒါန်းနိုင်အောင် အသိပေး စီစဉ်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် စေတီတော်ပုံစံငယ်၊ စေတီတော်တွင် ပူဇော်ခံထားရှိမည့် ကျွန်းသားဗုဒ္ဓရုပ်ပွားတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်များနှင့် စေတီတော်တည်ဆောက်ရေးလုပ်ငန်း ဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ မဟာစိနပဘာ ရွှေတိဂုံပုံတူစေတီတော်ကြီး တည်ဆောက်နိုင်ရန် တရုတ်နိုင်ငံ လော့ယန်မြို့ မြင်းဖြူကျောင်းဝင်းအတွင်း ၁ ဒသမ၇၃ ဧကအကျယ်ရှိ မြေနေရာတွင် ၂၀၁၂ ခုနှစ် ဧပြီ ၁၀ ရက်က မြေသန့်မင်္ဂလာ၊ ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာနှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားများကို ကျင်းပခဲ့သည်။

လေ့လာကြည့်ရှုနိုင်

စေတီတော်၏ ဉာဏ်တော်မှာ ၁၀၈ ပေရှိပြီး အဆင့်သုံးဆင့်ပါဝင်သော လိုဏ်အမျိုးအစားစေတီတော်ဖြစ်သည်။ ပထမအဆင့်တွင် ငါးရာ့ငါးဆယ်ဗုဒ္ဓဖြစ်စဉ်တော်များကို ဗုဒ္ဓဝင်ပြတိုက်သဖွယ် စကျင်ကျောက်နံရံကပ်များဖြင့် တည်ဆောက်မည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ဌာပနာတော်များကို ပြင်ပမှ လေ့လာကြည့်ရှုနိုင်အောင် ပူဇော်ထားရှိမည် ဖြစ်သည်။

စေတီတော် တည်ဆောက်ရာတွင် မြန်မာနိုင်ငံ၌ တည်ဆောက်ရမည့် စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်၊ ကျွန်းသား၊ ကျောက်စိမ်း၊ စကျင်နှင့် ကြေးဗုဒ္ဓရုပ်ပွားတော်များ၊ ဌာပနာတော်များ၊ တံခွန်တိုင်နှင့် ကြေးခေါင်းလောင်းကြီးတို့ကို မြန်မာမှုပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များက ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

တည်ဆောက်သွားမည်

တရုတ်နိုင်ငံတွင် စေတီတော်တည်ဆောက်ရေးလုပ်ငန်းကို အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ စေတီတော်အမြင့် (၅၆)ပေ အထိပြီးစီးနေပြီဖြစ်ပြီး ယခုနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည် ဖြစ်သည်။

လှူဒါန်းနိုင်

စေတီတော် တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ၂၀၁၁ ခုနှစ်က တရုတ်နိုင်ငံမှဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်ခံစဉ် နောက်ဆုံး ၃ ရက်တွင် အလှူခံရရှိသော အလှူငွေများနှင့် ရွှေငွေရတနာများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စေတီတော်ဆိုင်ရာသာသနိက ပစ္စည်းများအား နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်နှင့် ရန်ကုန်မြို့ရှိရွှေတိဂုံစေတီတော်တို့တွင် ရင်ငွေ့လှုံပူဇော်မည်ဖြစ်ပြီး ယင်းသို့ ရင်ငွေ့လှုံပူဇော်နေစဉ်အတွင်း ပြည်သူများအနေဖြင့် လာရောက်ဖူးမြော်ကြည်ညို၍ အလှူငွေနှင့် ရတနာပစ္စည်းများ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ စင်ကာပူနိုင်ငံ တပ်မတော် 2nd People's Defence Force နှင့် AFTC လေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၅

စင်ကာပူသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် 2nd People's Defence Force သို့ သွားရောက်လေ့လာရာ စင်ကာပူတပ်မတော် ကြည်းတပ်ဦးစီးချုပ် Major General Ravinder Singh နှင့် တာဝန်ရှိသူများက လှိုက်လှဲစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက 2nd People's Defence Force နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး အမြင်ချင်းဖလှယ်ကြသည်။ ဆက်လက်၍တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ရေးပြကွင်းရှိ လုံခြုံရေးသုံး စစ်အသုံးအဆောင်ပစ္စည်းများ၊ လက်နက်များနှင့် တိုက်ယာဉ်များကို **(ယာပုံ)**ကြည့်ရှုသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စင်ကာပူတပ်မတော် ကြည်းတပ်ဦးစီးချုပ်အား အထိမ်းအမှတ်တံဆိပ်ပေးအပ်ပြီး ကြည်းတပ်ဦးစီးချုပ်က ပေးအပ်သော အထိမ်းအမှတ်တံဆိပ်ကို လက်ခံကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် AFTC လေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာကြရာ စင်ကာပူလေတပ်ဦးစီးချုပ် Major General Ng Chee Mengနှင့် တာဝန်ရှိသူများက လှိုက်လှဲစွာခရီးဦး ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီးနောက် ရှင်းလင်းဆောင်ခန်းမ၌ လေ့ကျင့်ရေး ဌာနချုပ်မှူးက စင်ကာပူလေ တပ်မတော်လေ့ကျင့်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကိုမေးမြန်းသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Virtual Hanger Trainer Room နှင့် Radar and Tower Simulator Room များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စင်ကာပူတပ်မတော် လေတပ်ဦးစီးချုပ်အား အထိမ်းအမှတ်တံဆိပ်ပေးအပ်ပြီး လေတပ်ဦးစီးချုပ်က ပေးအပ်သော အထိမ်းအမှတ်တံဆိပ်ကို လက်ခံကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး စင်ကာပူနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၄ ရက် ညပိုင်းတွင် Shangrila Hotel ရှိ Garden Terrace ခန်းမ၌ စင်ကာပူသမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General Neo Kian Hong နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ညစာစားပွဲကျင်းပမည့် Shangrila Hotel ရှိ Garden Terrace ခန်းမသို့ ရောက်ရှိလာရာ စင်ကာပူသမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့သည် နှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ် စင်ကာပူလူငယ်များက နောက်ခံမြန်မာသီချင်း၊ မြန်မာအကများ၊ စင်ကာပူခေတ်ပေါ်အက၊ သီချင်းများ၊ တေးဂီတသံများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ နှစ်နိုင်ငံ တပ်မတော်အကြီးအကဲများနှင့် ဇနီးများသည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပြီး ဧည့်ခံဖျော်ဖြေသော အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ ငလျင်တစ်ခုလှုပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ယနေ့ညနေ၅နာရီ ၄၇မိနစ် ၀၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၄၂မိုင်ခန့်ကွာဝေးသောမြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့ဘက် ၂၅ မိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကွတ်ခိုင်မြို့သို့ ထွက်ပြေးတိမ်းရှောင် ရောက်ရှိလာသူများအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစီအစဉ်ဖြင့် ဆေးဝါးကုသပေး

ကွတ်ခိုင်မြို့သို့ တိမ်းရှောင်ရောက်ရှိလာသူများအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစီအစဉ်ဖြင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆေးကုသပေးမှုကို တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

ကေအိုင်အေအကြမ်းဖက်သောင်းကျန်းသူအဖွဲ့များမှ အဓမ္မခြိမ်းခြောက်၍ ဒုက္ခသည်များအဖြစ် ကွတ်ခိုင်မြို့ပေါ်သို့ စေလွှတ်ခဲ့သည့်အတွက် ကွတ်ခိုင်မြို့နယ် ဂါလိုင်နယ်မြေအတွင်းမှ ကချင်တိုင်းရင်းသားမိသားစု ၄၉၉ ဦးသည် ကွတ်ခိုင်မြို့ ရပ်ကွက်(၃)ရှိ ကက်သလစ်ခရစ်ယာန်ဘုရားကျောင်းနှင့် ရပ်ကွက်(၅)ရှိ ကွတ်ခိုင်ဇုန်နယ် ကချင်နှစ်ခြင်းအဖွဲ့ချုပ်သို့ ရောက်ရှိလာရာ ၎င်းတို့အနက်မှ ကျန်းမာရေးချို့တဲ့သူ ၁၁၃ ဦးအားအရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစီအစဉ်ဖြင့် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့မှ ဗိုလ်မှူးကျော်ကျော် ဦးဆောင်သော ဆေးကုသရေးအဖွဲ့သည် ဇန်နဝါရီ ၁၃ရက်မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီ ၄၅မိနစ်အထိ အထွေထွေရောဂါများ စစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးအသိပညာဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် စစ်ဘေးတိမ်းရှောင်ရောက်ရှိလာသော ၎င်းနယ်မြေအတွင်းရှိ ကျေးရွာခြောက်ရွာမှ မိသားစုများအတွက် ငွေကျပ်ငါးသိန်းနှင့် ဆန်အိတ် ၂၀ ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့လှူဒါန်းခဲ့ရာ ပြည်သူလူထုနှင့် သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များမှ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် တပ်မတော်၏ စေတနာအားအထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်အသုံးပြုနည်းလမ်းညွှန် | facebook အသုံးပြုနည်း | ဖုန်းနှင့်တက်ဘလက်အသုံးပြုနည်း

မျိုးသူရ
အင်တာနက်အသုံးပြုနည်း လမ်းညွှန်
Mobile Phone (GSM, CDMA800)
Dialup, ADSL, WiMAX, IP Star တို့ဖြင့်
အင်တာနက် connection ချိတ်ဆက်ပြီး သုံးနည်း
Search Engine အသုံးပြု ရှာနည်း၊ Software များ၊ file များကို Download ပြုလုပ်ရယူခြင်းနှင့် Program Install ပြုလုပ်ခြင်း၊ Proxy Server မှာ Setting ထည့်ခြင်း၊ History ဖျက်ခြင်း၊ Favorate ထည့်သွင်းခြင်း၊ Virus update ပြုလုပ်ခြင်း နှင့် Troubleshooting code no. များ၊ Gmail နှင့် အခြား Web Mail များ အသုံးပြုခြင်း

မျိုးသူရ
facebook အသုံးပြုနည်း
Using facebook

Guide to Using Android for Phone & Tablet
မျိုးသူရ
ဖုန်းနှင့်တက်ဘလက်အသုံးပြုနည်း
Phone OS များတွင် လူသုံးအများဆုံး O.S တစ်ခုဖြစ်သည့် Android O.S အကြောင်းကို အသေးစိတ်ရှင်းလင်းဖော်ပြထားသည်။ Android O.S ကို အသုံးပြုသော Phone နှင့် Tablet များကိုအသုံးပြုနည်း၊ Internet အသုံးပြုနည်း၊ Setting, Game install ပြုလုပ်နည်းတို့ကိုလည်း အသေးစိတ်ရေးသားထားသည်။ မြန်မာ Font အသုံးပြုနိုင်ရန် O.S ကို Root လုပ်နည်းကိုလည်း တင်ပြထားသည်။ Android Phone အသုံးပြုသူတိုင်း အဖြစ်မနေသင့် ထားသင့်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

ဆက်သွယ်မှာယူနိုင်ပါသည် — ဖုန်း—၀၉–၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာခင်ရွှေ၊ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဒေါ်နန်းနီနီအေး၊ ဒေါ်ခင်ဝိုင်းကြည်၊ ဦးဝင်းနောင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ညီညွတ်သည့် အကူအညီများ ပေးအပ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

✲ ပြည်ထောင်စုလွှတ်တော်မှ

ပဉ္စမကာလတိုငါးနှစ် အမျိုးသားစီမံကိန်းကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး၏ ဂျီဒီပီတန်ဖိုး တိုးတက်ရန် မျှော်မှန်းထားပြီး ပျမ်းမျှအားဖြင့် ကချင်ပြည်နယ် (၅ ဒသမ ၈) ရာခိုင်နှုန်း၊ ကယားပြည်နယ်(၄ ဒသမ ၁) ရာခိုင်နှုန်း၊ ကရင်ပြည်နယ်(၈ ဒသမ ၃) ရာခိုင်နှုန်း၊ ချင်းပြည်နယ် (၆ ဒသမ ဝ) ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီး (၉ ဒသမ ၃) ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီး(၈ ဒသမ ၃)ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီး (၆ ဒသမ ၄) ရာခိုင်နှုန်း၊ မကွေးတိုင်းဒေသကြီး(၈ ဒသမ ၇)ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး(၈ ဒသမ ၅) ရာခိုင်နှုန်း၊ မွန်ပြည်နယ်(၈ ဒသမ ၄) ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ် (၅ ဒသမ ၂) ရာခိုင်နှုန်း၊ ရန်ကုန်တိုင်းဒေသကြီး (၈ ဒသမ ၅)ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် (၃ ဒသမ ၉)ရာခိုင်နှုန်း၊ ဧရာဝတီတိုင်းဒေသကြီး (၄ ဒသမ ၄) ရာခိုင်နှုန်းနှင့် နေပြည်တော်ကောင်စီနယ်မြေ (၂၉ ဒသမ ဝ)ရာခိုင်နှုန်းတို့ဖြစ်သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက ဆွေးနွေးရာတွင် ကဏ္ဍကြီးသုံးခုဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍအားလုံးတို့မှာ စက်မှုကဏ္ဍနှင့် တိုက်ရိုက်ဆက်နွှယ်နေပြီး ကဏ္ဍတစ်ခု တိုးတက်မှ အခြားကဏ္ဍတစ်ခု တိုးတက်မည်ဖြစ်ပါကြောင်း၊ ထိုသို့တိုးတက်ရန် နည်းပညာပိုင်း အဓိကလိုအပ်နေသည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ အချိုးညီညီ တိုးတက်ရန်လည်း လိုအပ်ပါကြောင်း၊ ကောက်ပဲသီးနှံအားလုံးအတွက် ဘက်စုံသီးနှံများ အထွက်တိုးအောင် ဆောင်ရွက်သင့်ပြီး ယနေ့အခြေအနေအရ သီးနှံတစ်မျိုးတည်းကိုသာ အားပြုသကဲ့သို့ ဖြစ်နေရာ ကျန်သီးနှံများ ဘက်စုံစိုက်ပျိုးရန်၊ လယ်သမားများအနေဖြင့်လည်း မိမိစိုက်လိုသော သီးနှံအား စိုက်ပျိုးစေရန်၊ ရိတ်သိမ်းချိန်လွန် နည်းပညာရပ်များဖြင့် အချိန်မီ ဈေးကွက်သို့ရောက်ရှိစေရန်နှင့် ပြည်ပဈေးကွက်များတိုးချဲ့ရန် အစိုးရက တာဝန်ယူဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က ဆွေးနွေးရာတွင် စပါးတစ်ဧက ပျမ်းမျှအထွက်နှုန်း

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

(၈၂ ဒသမ ၉၁) တင်းလျာထားခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏စာရင်းဇယားများအရ (၇၈ ဒသမ ၆၉) တင်းဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ လက်တွေ့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပျမ်းမျှ(၇၅)တင်း ထားရှိလျှင် လျော်ကန်သင့်မြတ်မည်ဟု သုံးသပ်လိုပါကြောင်း၊ ထို့အပြင် ရေသွင်းစိုက်ဧရိယာဧက (၅ ဒသမ ၈) သန်းအထိ တိုးတက်အောင် ဆောင်ရွက်မည့် ရည်မှန်းချက်သည် လက်တွေ့တွင် ခဲယဉ်းမည်ဟု ယူဆပါကြောင်း၊ ၁၉၈၈ ခုနှစ် မတိုင်မီနှင့် ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ရေသွင်းစိုက်ဧရိယာဧက(၄ ဒသမ ၂၈၃) သန်းရှိသည်ဟု ဖော်ပြထားပါကြောင်း၊ တစ်ဆက်တည်း ဆွေးနွေးရပါလျှင် ၁၉၉၀ ခုနှစ်မှ ၂၀၁၁ ပြည့်နှစ်အထိ နှစ်(၂၀)အတွင်း ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးများ၌ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစီရင်ခံစာကို အခြေခံတွက်ချက်မှုများအရရှိပြီး ဆည်ရေသွင်းစိုက်ဧရိယာများသည် မူလရေသောက်ဧရိယာများ၏ (၄၀)ရာခိုင်နှုန်းမှ (၄၄) ရာခိုင်နှုန်းအထိသာ ရရှိသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရ အသုံး နှစ်စဉ်လိုငွေပြနေချိန်တွင် ဆောင်ရွက်ဆဲ ဆည်မြောင်းစီမံကိန်းများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်သင့်ပါကြောင်း၊ ပြီးစီးထားသည့် စီမံကိန်းများကိုလည်း ဆည်ရေပေးဝေမှု အကျိုးသက်ရောက်နှုန်းရရှိရန် တူးမြောင်းစနစ်များ အရင်းအလယ်အဆုံး ထိရောက်စွာ ပြုပြင်ထိန်းသိမ်းသင့်ပါကြောင်း၊ လောလောဆယ် ရွှေ့ဆိုင်းထားနိုင်၊ ဆိုင်းငံ့ထားနိုင်သည့် စီမံကိန်းအသစ်များကို ဆောင်ရွက်ဆဲ စီမံကိန်းများ များစွာရှိနေသည့်အတွက် ဆိုင်းငံ့ထားသင့်သည်ဟု အကြံပြုလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်ကဆွေးနွေးရာတွင် ယခုဆွေးနွေးမည့်အကြောင်းအရာများမှာ တစ်နိုင်ငံလုံးရှိ ကျေးလက်နေပြည်သူများ၏ ပကတိဖြစ်ပေါ်နေသော အခြေအနေများအပေါ် ထင်ဟပ်အကြံပြု ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးနှင့် ပတ်သက်ပြီး ကာလတိုငါးနှစ်စီမံကိန်းတွင်ပါဝင်သည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များထဲမှ စံချိန်စံညွှန်းသတ်မှတ်ချက်မပြည့်၍ အဆင့်မတိုးပေးလိုက်သည့်အတွက် ထိုကျောင်းမှ အောင်မြင်ပြီး အခြားကျောင်းသို့ မသွားနိုင်သဖြင့်၊ ပညာတော်လျက်၊ ကျောင်းနေချင်လျက်၊ မိဘကလည်း ဆက်ထားချင်လျက် ဆက်မထားနိုင်သဖြင့် ကျောင်းထွက်ခဲ့ရသည့်၊ ကျောင်းပြင်ပကို ရောက်သွားသည့် ကျောင်းသားများသည် (၈၀)ရာခိုင်နှုန်းနှင့် အထက်တွင် ရှိနေပါကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ အရည်အသွေးပြည့်ဝ၍ ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုကို လူမျိုး/ဒေသမရွေး လက်လှမ်းမီသာတူညီမျှရရှိနိုင်ရေးအတွက်ကျွမ်းကျင်သော အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ထမ်းများကို တိုးချဲ့လေ့ကျင့်ပေးပြီး လမ်းပန်းဆက်သွယ်ရေး၊ နေရာဒေသကျယ်ဝန်းမှုအပေါ် မူတည်ကာ တိုးချဲ့ခန့်ထားပေးနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ဆေးရုံများ တိုးချဲ့ ဖွင့်လှစ်ရန်အတွက် နိုင်ငံအတွင်း အမှန်တကယ် ရှိသင့်သည့်နေရာများကို ရွေးချယ်ပြီး ဦးစားပေး အဆင့်အလိုက်၊ နှစ်အလိုက် သတ်မှတ်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပဉ္စမကာလတိုငါးနှစ် အမျိုးသားစီမံကိန်း (မူကြမ်း)တွင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ စသည့်ကဏ္ဍများ ပါဝင်သည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတစ်ဝန်း ရေအား၊ သဘာဝဓာတ်ငွေ့အစရှိသည့် လျှပ်စစ်စွမ်းအားအရင်းအမြစ်များ ရှာဖွေဖော်ထုတ်၍ ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ စတုတ္ထကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ (၁၄ ဒသမ ၁) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် ပတ်သက်၍ ယခုစီမံကိန်းကာလအတွင်း နှစ်အလိုက် တိုးချဲ့အကောင်အထည်ဖော်မည့် သဘာဝဓာတ်ငွေ့သုံးစက်ရုံ စီမံကိန်းများ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများ၊ မဟာဓာတ်အားလိုင်းစီမံကိန်းများနှင့် ဓာတ်အားခွဲရုံစီမံကိန်းများကိုလည်း ထည့်သွင်းသင့်ပါကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က အကြံပြုဆွေးနွေးခဲ့သည်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးတိုးတက်မြင့်မားရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စတုတ္ထကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ (၆ ဒသမ ၆) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် ပတ်သက်၍ ကျေးလက်နေပြည်သူများ မိမိကျေးရွာ၌ ပျော်ရွှင်နိုင်အောင် နိုင်ငံတော်က ဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ မြို့ရွာစီမံကိန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်းဖြင့် ဆောမဲဆန္ဒနယ်မှ ဦးငွေးမောင်က အကြံပြုဆွေးနွေးခဲ့သည်။

စက်မှုလက်မှုကဏ္ဍ အနေဖြင့် ပြည်သူတို့၏အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးဖူလုံအောင် ဖြည့်ဆည်းပေးနိုင်ရေး၊ နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပသို့ကုန်ပစ္စည်းများ တိုးချဲ့တင်ပို့ရေး၊ သွင်းကုန် အစားထိုးပစ္စည်းများ ပြည်တွင်းတွင် တိုးတက်ထုတ်လုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်ရေးစသည့် ရည်မှန်းချက်များ အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စတုတ္ထကာလတို ငါးနှစ် စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ (၂၀ ဒသမ ၂) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

စက်မှုလက်မှုကဏ္ဍနှင့်ပတ်သက်၍ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများကို ပြည်တွင်းထုတ်လုပ်နိုင်စွမ်းအားနည်းပါက လတ်တလောပြည်ပမှ ယာဉ်အစီးလိုက် မှာယူတင်သွင်းခြင်း၊ အစိတ်အပိုင်းများမှာယူ၍ ပြည်တွင်း၌တပ်ဆင်ထုတ်လုပ်ခြင်းဖြင့် လယ်သမားများ လက်လှမ်းမီသော ဈေးနှုန်းဖြစ်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက လည်းကောင်း၊ စက်မှုဝန်ကြီးဌာနရှိ လုပ်ငန်း၊ မြေနှင့်အဆောက်အအုံတို့ကို အလွန်သက်သာသောနှုန်းထားများ သတ်မှတ်၍ ဖက်စပ်ဆောင်ရွက်နိုင်စေခြင်းဖြင့် မူလထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြင့် တိုးတက် ထုတ်လုပ်စေသင့်ပါကြောင်းဖြင့် ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်းကလည်းကောင်း အကြံပြုဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင်က “ပဉ္စမ ကာလတိုငါးနှစ်စီမံကိန်းနဲ့ ပတ်သက်လို့ ၂၀၁၁-၂၀၁၂ ကနေ ၂၀၁၅-၂၀၁၆ အထိ ဆွဲထားတဲ့အပေါ် သဘောတူလက်ခံပါတယ်။ စီမံကိန်းတစ်ခုတစ်ခုဟာ ရေးဆွဲထားတဲ့ ရည်မှန်းချက်အထိ ရောက်ဖို့လိုပါတယ်။ စီမံကိန်းတိုင်းဟာ လက်တွေ့အကောင်အထည်ဖော်တဲ့အပိုင်းမှာ အံဝင်ခွင်ကျဖြစ်တဲ့ ကိန်းဂဏန်းတွေရှိမှသာ အများက လက်ခံမှာ ဖြစ်တယ်။ စီမံကိန်းတစ်ခုအကောင်အထည်ဖော်တဲ့နေရာမှာ ကိန်းဂဏန်းတွေ တိကျဖို့လိုတယ်။ ၂၀၁၁-၂၀၁၂ကို အခြေခံတွက်တယ်ဆိုတဲ့နေရာမှာ ကိန်းဂဏန်းတွေ တကယ်စစ်မှန်ရဲ့လား၊ ဥပမာဆိုရင် လူဦးရေနဲ့ပတ်သက်လို့တောင် ကွဲလွဲမှုတွေရှိနေတယ်။ လူတစ်ဦးချင်းဝင်ငွေကို တွက်တဲ့နေရာမှာ တိတိကျကျလုပ်ဖို့ ခက်နေရင် ရည်မှန်းချက်ပြည့်မီအောင် လုပ်ဖို့ဆိုတာ ပြောစရာရှိနေပါတယ်”ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရပ်နားပြီး စတုတ္ထနေ့ အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု လူထုပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိ

တိုးချဲ့ပညာ(သစ်တောဦးစီးဌာန)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် ဖော်ဆောင်လျက်ရှိရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းတစ်ရပ် ဖြစ်ပေါ်လာစေရန်မှာ သစ်တောပြုစုထိန်းသိမ်းခြင်းသည်လည်း အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သစ်တောများ ရေရှည်တည်တံ့ရေး၊ သစ်တောများမှ ပေးစွမ်းနိုင်သော သစ်နှင့် အခြားသစ်တောထွက် ပစ္စည်းများကို လက်ရှိသာမက နောင်သားစဉ်မြေးဆက်တိုင် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သစ်တောများအား ပြုစုထိန်းသိမ်းရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်ရေးမှာ အရေးကြီးကြောင်း သိမြင်နိုင်ပါသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်၌ လူထုပူးပေါင်းပါဝင်သော သစ်တောပြုစုထိန်းသိမ်းခြင်း ပညာပေးဟောပြောမှုကို တွေ့ရစဉ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများ ပြုစုထိန်းသိမ်းရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိရာတွင် သစ်တောများ ပြုစုထိန်းသိမ်းခြင်း၊ ရေဝေရေလဲဒေသများ၊ ဒီရေတောများ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ တရားမဝင်သစ်များထွက်ရှိမှု ကာကွယ်တားဆီးခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ ဦးဆောင်၍ ခရိုင်မြို့နယ်များမှ ဝန်ထမ်းများသည် ကျေးရွာများအရောက်သွားရောက်၍ လူထုပူးပေါင်းပါဝင်သော သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသို့ ရောက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သစ်တောပြုစုထိန်းသိမ်းရေးနှင့် ပြန်လည်တည်ထောင်စိုက်ပျိုးခြင်းများတွင် ပြည်သူကို အခြေပြု၍ ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သဖြင့် ကျေးလက်ဒေသပြည်သူများအတွင်း သစ်တောပြုစုထိန်းသိမ်းခြင်းဆိုင်ရာ အသိအမြင်များ ရှင်သန်ဖြစ်ထွန်းစေရန် ရေဒီယို၊ ရုပ်မြင်သံကြားနှင့်စာနယ်ဇင်းများမှ အသိပညာပေးခြင်းသာမက လူထုပညာပေးဟောပြောပွဲများ ပြုလုပ်၍လည်း စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ လူထုပညာပေးဟောပြောပွဲများကျင်းပရာတွင် သစ်တောပြုစုထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ သစ်တောမူဝါဒ၊ ဥပဒေဆိုင်ရာများ ဟောပြောရှင်းလင်းခြင်း၊ တရားမဝင်သစ်တောထွက် ပစ္စည်းထွက်ရှိမှု ကာကွယ်တားဆီးခြင်း၊ သားငှက်တိရစ္ဆာန်ထိန်းသိမ်းခြင်း စသည့်ကဏ္ဍများခွဲခြား၍ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း၌ ဟောပြောမှု (၁၁၅၅)ကြိမ် ပြုလုပ်ခဲ့ပြီး ကျေးလက်ပြည်သူ ၁၅၄၂၈ ဦးအား ဟောပြောစည်းရုံးခြင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုကဲ့သို့ ကျေးလက်ဒေသအထိ သွားရောက်၍ လူထုအသိပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်းကြောင့် ကျေးလက်နေပြည်သူများအတွင်း သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးပုံကို နားလည်လက်ခံလာပြီး နိုင်ငံတော်၏ အဖိုးတန်သယံဇာတတစ်ခုဖြစ်သော သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများ ပူးပေါင်းပါဝင်လာသည့် အကျိုးကျေးဇူးရရှိစေကြောင်း တင်ပြရေးသားလိုက်ရပါသည်။

ပြည်တွင်းသတင်း

❒ **ရှေ့ဖုံးမှ**

ယခုအခမ်းအနား အကောင်အထည်ပေါ်လာခြင်းပင်ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှုအကြိမ်ပေါင်း ၁၂၀၀ ကျော်ဖြစ်ပွားခဲ့ပြီး ယင်းမီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံပေါင်း ၁၅၀၀၀ ကျော် မီးဘေးသင့်ခဲ့ပြီး လူဦးရေ ၇၅၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ကာ ခန့်မှန်းတန်ဖိုးငွေ ၁၀ ဒသမ ၇ ဘီလီယံကျော် ဆုံးရှုံးခဲ့သည်ဟု သိရှိရပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်ပစ္စည်းနှင့် ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်များကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်နိုင်ရေး၊ လူမှုရေးစသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် မီးသတ်တပ်ဖွဲ့ကို ရည်မှန်းဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးသာမက ပြည်သူများ ရေဘေး၊ လေဘေးနှင့် ငလျင်ဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အခါတိုင်း ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည့် မွန်မြတ်သည့်အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါကြောင်း။

မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် ပြည်သူလူထုအတွင်း မီးဘေးကာကွယ်ရေး အသိပညာပေးရေး၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ နည်းပညာနှင့် စွမ်းဆောင်ရည်မြင့်မားရေး၊ တပ်ဖွဲ့ဝင်အင်အား၊ မီးသတ်ယာဉ်/ စက်ပစ္စည်းကိရိယာနှင့် အဆောက်အအုံများ ဖြည့်တင်းရေး စသည့်လုပ်ငန်းကို နှစ်အလိုက် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းသို့ မီးသတ်ယာဉ်များ ဝယ်ယူအစားထိုးရာတွင် နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာငွေဖြင့် ဖြည့်တင်းခြင်း၊ ပြည်တွင်း၊ ပြည်ပအလှူရှင်များက စေတနာဖြင့် ဖြည့်တင်းပေးခြင်း၊ ရပ်ရွာဒေသက ကိုယ့်အားကိုယ်ကိုးနည်းလမ်းဖြင့် ဖြည့်တင်းခြင်း၊ မီးသတ်ဦးစီးဌာနက တီထွင်ထုတ်လုပ်ဖြည့်တင်းခြင်း၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များက ဖြည့်တင်းခြင်းဟူသည့် နည်းလမ်း(၅) သွယ်ဖြင့် အစားထိုးပေးလျက်ရှိပါကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနားမှာ နည်းလမ်းငါးသွယ်အနက် တစ်ခုဖြစ်သည့် ပြည်တွင်းမှ အလှူရှင် ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်က ဂျပန်နိုင်ငံထုတ် မီးသတ်ယာဉ် လေးစီး လှူဒါန်းမည်ဖြစ်၍ နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် နောင်ဆက်လက်လှူဒါန်းနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း။

မီးသတ်ယာဉ် လက်ခံရရှိသည့် မြို့နယ်များမှ တာဝန်ရှိသူများအနေဖြင့်လည်း မီးသတ်ယာဉ်ကို မြို့နယ်ရပ်ရွာအတွက် အမှန်တကယ်အကျိုးရှိရှိ အသုံးပြုနိုင်အောင် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှု၊ ကြီးကြပ်မှု၊ အရေးပေါ်အခြေအနေကျရောက်လျှင် အမှန်တကယ် အဆင်သင့် အသုံးပြုနိုင်အောင် တတ်စွမ်းသရွေ့ ဝိုင်းဝန်းစောင့်ရှောက်သွားရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ဤမီးသတ်ယာဉ်များ လှူဒါန်းရခြင်းကြောင့် ပြည်သူလူထု၏ အပူမီးကို ငြိမ်းအေးစေနိုင်သကဲ့သို့ လှူဒါန်းသူ အလှူရှင်မိသားစုနှင့် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသည့် တာဝန်ရှိသူများ အားလုံးသည်လည်း ညီမျှသောအကျိုးရလဒ်ကို ခံစားရမည်ဖြစ်သည့်အပြင် အများပြည်သူ၏ ကောင်းမွန်သည့် မေတ္တာပို့သမှုကိုလည်း အစဉ်အမြဲ ရရှိနေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလှူရှင်ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မီးသတ်ယာဉ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် လှူဒါန်းမီးသတ်ယာဉ်လက်ခံရရှိသည့် ဒေသများ၏ကိုယ်စား လားရှိုးမြို့နယ်မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာသူများနှင့် အလှူရှင်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး လှူဒါန်းသည့်မီးသတ်ယာဉ်များကို လှည့်လည်ကြည့်ရှုကာ အဆိုပါ မီးသတ်ယာဉ်များ၏ ရေပက်စွမ်းအားသရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယခုပေးအပ်လှူဒါန်းသည့် မီးသတ်ယာဉ်များကို ရှမ်းပြည်နယ် ကျောက်မဲမြို့၊ တန့်ယန်းမြို့နှင့် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာအုပ်စုတို့တွင် တစ်စီးစီနှင့် ရန်ကုန်တိုင်းဒေသကြီး အရန်မီးသတ်တပ်ဖွဲ့အတွက် တစ်စီးခွဲဝေချထားပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ဘေးအန္တရာယ်များအနက် မီးဘေးအန္တရာယ်မှာ ၇၀ ရာခိုင်နှုန်းအထိ ဖြစ်ပွားလျက်ရှိသည်။ ၂၀၀၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၂ နှစ်တာကာလအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှုအကြိမ်ပေါင်း ၁၀၆၁၄ ကြိမ်ဖြစ်ပွားခဲ့ပြီး ငွေကျပ်သန်းပေါင်း ၆၁၀၈၀ ဒသမ ၂၁ သန်းခန့်ဆုံးရှုံးခဲ့ရာ တစ်နှစ် ပျမ်းမျှမီးလောင်မှု ၈၈၄ ဒသမ ၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၅၀၉၀ သန်းခန့် ဆုံးရှုံးလျက်ရှိသည်။

မီးဘေးလုံခြုံရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မီးသတ်စခန်း ၃၄၉ ခုတွင် မီးသတ်ယာဉ်/စက် ၂၃၃၇ စီးကို ဖြန့်ခွဲချထားလျက်ရှိသည်။ လက်ရှိအချိန်တွင် မီးသတ်တပ်ဖွဲ့ကို နိုင်ငံတကာအဆင့်မီရေးနှင့် နယ်မြေဒေသနှင့် လိုက်လျောညီထွေဖြစ်ရေးဟူသည့်ရည်မှန်းချက်နှစ်ရပ်ဖြင့် ခေတ်မီမီးသတ်တပ်ဖွဲ့တစ်ခုဖြစ်အောင် တိုးချဲ့ဖွဲ့စည်းလျက်ရှိသည်။ ယင်းသို့ ဖွဲ့စည်းဆောင်ရွက်ရာတွင် ပြည်သူကို ဗဟိုပြုသော မီးသတ်တပ်ဖွဲ့ဖြစ်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရေလယ်တိုင် အောက်ခြေ မိုင်းဒဏ်ကြောင့် ပျက်စီးနေသည်ကို တွေ့မြင်ရစဉ်။ (၁၇၁)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦး... တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီး... ကိုယ်စားလှယ်အဖွဲ့အား လက်ခံ...

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွား... ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jian ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့... နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသ...

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ကော်မတီဥက္က... သိမ်း၊ ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးမောင်ဦး၊ ဦးစိုးနိုင်၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်နှင့် ... တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြ... မစ္စတာလီကျွင်းဟွာနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသ...

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jian အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၆-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၃	တရားတော်
၇း၂၄	မြန်မာ့ရှုခင်း
၇း၃၅	မြန်မာ့သံစဉ်ချိုနားဝင်
၇း၅၀	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၀	မြဝတီအဖွင့်
၄း၀၂	နိုင်ငံတော်သီချင်း
၄း၃၇	ရင်ခုန်စီးဆင်းအချစ်သီချင်း

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ယာပုံ)**

တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်ကြီးနား – မန္တလေး မီးရထားလမ်းပိုင်းနှင့် နဘား – ကသာ မီးရထားလမ်းပိုင်းတို့၌ မိုင်းပေါက်ကွဲမှုကြောင့်ပျက်စီးမှုအချို့ဖြစ်ပွားခဲ့

နေပြည်တော် ဇန်နဝါရီ ၁၅

မြစ်ကြီးနား-မန္တလေး မီးရထားလမ်းပိုင်း နဘားဘူတာနှင့် အင်းတော်ဘူတာကြား မိုင်တိုင်အမှတ် ၅၈၉ ရှိ ပေ ၁၆၀ ရှည် တံတားအမှတ် ၄၃၆ နှင့် ၎င်းနှင့်ယှဉ်လျက်ရှိသည့် နဘား-ကသာ လမ်းပိုင်းမှ ပေ ၁၆၀ ရှည် တံတားအမှတ် (1 BK) တို့၌ ယမန်နေ့ ည ၈ နာရီ ၇ မိနစ်ခန့်တွင် မိုင်းပေါက်ကွဲဖြစ်စဉ်နှစ်ခု တစ်ပြိုင်တည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုကြောင့် တံတားအမှတ်(၄၃၆)တွင် ရေလယ်တိုင်အမှတ်(၂)၏ အရှေ့ဘက်အောက်ခြေ အုတ်ကြမ်းခင်း အလျားတစ်ပေခွဲ၊ အနံတစ်ပေခွဲနှင့် အနက်တစ်ပေခန့် ပျက်စီးပြီး ရေလယ်တိုင်၏ အပေါ်ဘက်အရှေ့စွန်းတွင် အလျားလေးပေ၊ အနံ လေးပေနှင့် အနက်ခြောက်လက်မခန့် ပဲ့ထွက်ကာ ရေလယ်တိုင်အပေါ်မှ တံတားသံပေါင်သည် မူလနေရာမှ သုံးပေခန့်ရွေ့ပြီး ဇလီဖားတုံး ၁၅ တုံးခန့် ပျက်စီးသွားခဲ့သည်။

ထို့အတူ တံတားအမှတ် (1 BK) တွင် ရေလယ်တိုင်အမှတ်(၂)၏ အပေါ်ဘက်အနောက်ခြမ်း၌ အမြင့် ရှစ်ပေ၊ အနံနှစ်ပေခွဲခန့် ပြိုကျပျက်စီးပြီး ရေလယ်တိုင်တွင် အက်ကြောင်းများဖြစ်ပေါ်ကာ တံတားသံပေါင်သည် အရှေ့ဘက်သို့ သုံးပေခန့်ရွေ့ပြီး ဇလီဖားတုံး ၆၀ ခန့် ပျက်စီးသွားကြောင်း သိရှိရသည်။

မိုင်းပေါက်ကွဲမှုများကြောင့် လူသူထိခိုက်ဒဏ်ရာရရှိခြင်း၊ ရထားအစိတ်အပိုင်းများပျက်စီးခြင်း မရှိခဲ့ကြောင်းနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ရထားလမ်းပိုင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် တံတားအမှတ်(၄၃၆)ကို ပြုပြင်ပြီးစီးသဖြင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၌ ရထားများ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

KIO/KIA အဖွဲ့အနေဖြင့် မီးရထားလမ်း မိုင်းထောင်ဖျက်ဆီးမှုများကို အဆက်မပြတ် ပြုလုပ်လျက်ရှိရာ မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် (၅၆) ကြိမ်နှင့် မန္တလေး-လားရှိုးလမ်းပိုင်းတွင် နှစ်ကြိမ်၊ နဘား - ကသာလမ်းတွင် တစ်ကြိမ် စုစုပေါင်း (၅၉) ကြိမ် ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိုင်းပေါက်ကွဲမှုကြောင့် တံတားသံပေါင် မူလနေရာမှ သုံးပေခန့်ရွေ့ပြီး ဇလီဖားတုံးများ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

...ဌ သူရဦးရွှေမန်း ...ကိုယ်စားလှယ်ဝန်ကြီးဦးဆောင်သည့် ...အား လက်ခံတွေ့ဆုံ

...ဝါရီ ၁၅

...ည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ...သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် ...ဆောင်၌ လက်ခံတွေ့ဆုံသည်။

...န်းနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင် ...လှမြင့်ဦး၊ ဦးဌေးမြင့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ ...မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ...၍ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးလှမြင့်ဦး၊ ဦးတီခွန်မြတ်၊ အတွင်းရေးမှူး ဒေါက်တာနေလင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ICRC မှ လွှတ်တော်များသည် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာ၌ အလွန်အရေးပါသော ကဏ္ဍတွင် ရှိပါကြောင်း၊ ဥပဒေရေးရာကိစ္စရပ်များနှင့် သက်ဆိုင်ရာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်းနှင့် မြန်မာ-ICRC ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

...ဲသံကြား

(...ဒ္ဓဟူးနေ့)

...နားဝင်

...ကြားသတင်း

...ချစ်သီချင်း

၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမေ့အပြုံး** (အပိုင်း-၇၃)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၅	ကာတွန်းအစီအစဉ် အာကာသသူရဲကောင်းလေးများ (အပိုင်း-၆၇)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာထက်က ဖန်ရဲတိုက်** (အပိုင်း-၁၆)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
-	နိုင်ငံတကာသတင်း
-	မိုးလေဝသသတင်း
-	ရယ်စရာပျော်စရာဟာသကမ္ဘာ
-	မြဝတီရုပ်မြင်သံကြားသတင်း
-	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လင်းလက်မျက်နှာ** (အပိုင်း-၂၇) (ဇာတ်သိမ်းပိုင်း)

ကျေးလက်ကျန်းမာရေးဌာနဆေးခန်း ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများ ချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်လျက်ရှိပြီး တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ဒေသ တည်ငြိမ်အေးချမ်းပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဒေသခံပြည်သူများအားလုံးက နားလည်မှုရှိရှိ၊ စည်းကမ်းရှိရှိ၊ စိတ်အားထက်သန်စွာဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ယခုဖွင့်လှစ်လိုက်သည့် ကျေးလက်ကျန်းမာရေးဌာန ဆေးခန်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဆင်ချောင်းစံပြကျေးရွာ၌ ကျင်းပသည့် ကိုယ်ထူကိုယ်ထ ကျေးလက်ကျန်းမာရေးဌာန ဖွင့်ပွဲအခမ်းအနားနှင့် ဆေးခန်းအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က တိုက်တွန်းမှာကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ရေးအတွက် အလှူငွေထည့်ဝင်ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဌေးနှင့် ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းတို့က ကျေးလက်ကျန်းမာရေးဌာနဆေးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ဆင်ချောင်းစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနဆေးခန်းသည် မြေအကျယ်အလျားပေ ၃၀၀၊ အနံပေ ၁၀၀၌ တည်ဆောက်ထားသည့် အလျားပေ ၅၀၊ အနံ ၃၆ ပေနှင့် အမြင့် ၁၂ ပေရှိ တမံတလင်းခင်း၊ သွပ်မိုးအာစီအဆောက်အအုံဖြစ်ပြီး ရုံးခန်း၊ ဆေးပစ္စည်းသိုလှောင်ခန်း၊ လူနာစမ်းသပ်ခန်း၊ သားဖွားခန်း၊ မွေးမိခင်နားနေခန်း၊ ကိုယ်ဝန်ဆောင်စမ်းသပ်ခန်း၊ ကာကွယ် ဆေးထိုးခန်း၊ စတိုခန်း၊ ဧည့်ခန်းနှင့် ဝန်ထမ်းအိမ်ရာ နှစ်လုံး၊ စက်ရေတွင်း တစ်တွင်း ပါဝင်ကာ စုစုပေါင်းငွေကျပ် သိန်း ၃၅၀ ကျော် ကုန်ကျခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားတိုင်း စည်းကမ်းရှိပြီး ဗဟုသုတကြွယ်ဝစွာဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကလည်း မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်တတ်ကျွမ်းအောင် လေ့လာမှတ်သားပြီး မိမိရပ်ကွက်၊ မိမိကျေးရွာ၊ မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်အောင် ဒေသခံပြည်သူများ၊ မြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့်အတူလက်တွဲကာ အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြား၍ ကျေးရွာ ၈၁ ရွာနှင့် မြို့ပေါ်ရပ်ကွက် ရှစ်ခု တို့မှ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ အဝတ်အထည်များကိုလည်းကောင်း၊ ရေစကြိုမြို့နယ် အတွင်းရှိ စာကြည့်တိုက် ၂၃ တိုက်အတွက် သုတ၊ ရသစာစောင်များကိုလည်းကောင်း ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

...ပ်ဟူးခဲ့

...ကြောင့် တံတား ...ုံးပေခန့်ရွှေ့ပြီး ...စီးနေသည်ကို ...းစဉ်)



ကေအိုင်အေအဖွဲ့က ကချင်ပြည်နယ်အတွင်း မိုင်းထောင်ခြင်း အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခြင်း သေနတ်ဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၅

ဇန်နဝါရီ ၁၃ ရက် ညပိုင်းတွင် ဖားကန့်မြို့နယ် အမှိုက်ပုံကျေးရွာ မော်ဝမ်းရပ်ကွက်နေ ဦးဇော်ဌေးသည် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာဘက်မှ မော်တော်ဆိုင်ကယ်စီးနင်းလာပြီး အမှိုက်ပုံကျေးရွာအဝင်၌ ဆိုင်ကယ်ခေတ္တရပ်နားစဉ် မိုင်းတစ်လုံးနင်းမိခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် မျက်နှာစုတ်ပြဲ၊ ရင်ဝမိုင်းစထိမှန်၊ ယာလက်ဖျံရိုးနှင့် ဝဲလက်ကောက်ဝတ်ကျိုးပဲ့၊ ယာခြေသလုံး ကျိုးပဲ့စုတ်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် ဖားကန့်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ဝိုင်းမော်မြို့နယ် မန်ဒေါင်ကျေးရွာအုပ်စု ချောင်းဆုံအနီးပတ်ဝန်းကျင်၌ ရွှေတူးဖော်နေသည့် လုပ်သား ၂၀ ခန့်အား KIA တပ်ရင်း ၃၀ မှ အင်အား ၄၀ ခန့်က ဒွန်ဘန်ချောင်းတစ်ဖက်ကမ်း ဘမ်ဘင်ကျေးရွာအနီးရှိ ၎င်းတို့စခန်း၌ ခေါ်ဆောင်ထိန်းသိမ်းထားကြောင်း သိရသည်။

ဇန်နဝါရီ ၁၄ ရက် ညနေ ၃ နာရီ ၅၅ မိနစ်ခန့်က မြစ်ကြီးနားမြို့နယ် တီယန်ဆွပ်ကျေးရွာအနီး၌ ဆိုင်ကယ်နှစ်စီးနှင့် လူလေးဦး သေနတ်ထိမှန်ပြီး ဒဏ်ရာများရရှိခဲ့ကာ သုံးဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါလေးဦးမှာ ပူတာအိုမြို့နယ် ဖန်ခိုင်တစ်ကျေးရွာ၌ နေထိုင်သူများဖြစ်ကြပြီး လွန်ခဲ့သောသုံးရက်ခန့်က ပူတာအိုမှ တနိုင်းပယင်းမော်သို့ သွားရောက်ရန် ဆိုင်ကယ်နှစ်စီးဖြင့် ခရီးထွက်လာခဲ့ရာ တီယန်ဆွပ်ကျေးရွာအထွက်၌ သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ဦးဂျေဆာဒွေ့နှင့် ဦးဒီးဆီတို့မှာ ၎င်းနေရာ၌ပင်သေဆုံးခဲ့ပြီး ဒဏ်ရာရသူနှစ်ဦးအား ဒိုင်နာကားဖြင့် ဆေးရုံသို့ တင်ဆောင်လာရာ ဦးအားခီယိုဟဲ့မှာ လမ်းခရီးတွင်သေဆုံးခဲ့ကြောင်း၊ ဦးအားဖီဟန်မှာ ဝဲဘက်လက်မောင်းတွင် ရှပ်ထိဒဏ်ရာနှင့် ဝဲဘက်နံစောင်းတွင် အူထွက်ဒဏ်ရာတို့ဖြင့် မြစ်ကြီးနား ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁၄ ရက် ညနေ ၄ နာရီတွင် ဝိုင်းမော်မြို့နယ် ရှင်ဂေါ်ကျေးရွာ အနောက်ဘက် မေခမြစ်အတွင်း လူသေအလောင်း ခုနစ်လောင်း ဆယ်ယူရရှိခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၂ ရက်က ရှင်ဂေါ်ကျေးရွာမှ ရွာသား ၃၀ အား KIA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားစဉ် မြစ်အတွင်း ဖြတ်ကူးထွက်ပြေးသဖြင့် ရေနစ်သေဆုံးခြင်းဖြစ်နိုင်သည်ဟု ယူဆရကြောင်း ကချင်ပြည်နယ်အစိုးရထံမှ သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဟာရိတ၏ စာအုပ်လောက

(၁၅-၁-၂၀၁၃)

The 1988 Uprising in Myanmar

စာရေးသူ-ဒေါက်တာမောင်မောင်
စာအုပ်တိုက်-Digest Media Bank
ဖုန်း-၀၁-၂၉၃၇၃၉၊
တန်ဖိုး-ကျပ် ၃၅၀၀

နိုင်ငံတော်သမ္မတဟောင်း ဒေါက်တာမောင်မောင် မကွယ်လွန်မီ ရေးသားခဲ့သည့် နောက်ဆုံးစာအုပ်ဖြစ်သည်။ ၁၉၈၈ခုနှစ် နိုင်ငံတွင် အကျပ်အတည်းဆိုက်နေစဉ်ကာလ ဆူပူအုံကြွမှုများ ပေါ်ပေါက်လာချိန် နိုင်ငံခေါင်းဆောင်ပိုင်းမှ အတွင်းရေးဖြစ်ရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်။

ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုလမ်းညွှန်

စာရေးသူ-သက်ထွန်းဦး
စာအုပ်တိုက်- Wisdom House
ဖုန်း-၀၁-၅၄၅၀၃၆၊ တန်ဖိုး-ကျပ် ၂၅၀၀

သက်ထွန်းဦး၏ ဒုတိယမြောက် စာအုပ်ဖြစ်သည်။ ငွေကြေးဈေးကွက်နှင့် ဘဏ္ဍာရေးဈေးကွက်ကို လေ့လာနေသူများ၊ စီးပွားရေးပညာဘွဲ့လွန်၊ ဘွဲ့ကြို၊ ဒီပလိုမာများအတွက်လေ့လာရန် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ငွေကြေးသံသရာ၊ ဗဟိုဘဏ်စနစ်၊ ကော်ပိုရေးရှင်းများနှင့် စတော့ရှယ်ယာများ၊ ကမ္ဘာ့ဈေးကွက်ကို ခြေရာခံခြင်းစသည့် အခန်းပေါင်း ၁၈ ခန်းပါရှိသည်။ ခေတ်ပြောင်း စနစ်ပြောင်းနှင့်အတူ ဘဏ္ဍာရေးစနစ်ကြီးသည်လည်း ပြောင်းလဲလျက်ရှိရာ ငွေကြေးစနစ်နှင့် ရင်းနှီးမြှုပ်နှံမှုစနစ်အခြေခံများကို ဤစာအုပ်တွင် လေ့လာနိုင်သည်။

မြန်မာနိုင်ငံကျောင်းသားများ လှုပ်ရှားမှုသမိုင်း



ရေးသူ - အံ့ကျော်
စာအုပ်တိုက် - ရှုဝံ
ဖုန်း-၀၁-၃၈၅၅၉၇၊ တန်ဖိုး- ကျပ် ၅၀၀၀

မြန်မာနိုင်ငံကျောင်းသားများ လှုပ်ရှားမှုသမိုင်း (၁၉၄၅-၅၈) ဟူသောခေါင်းစဉ်ဖြင့် ပြုစုထားသော ဤသမိုင်းကို ရှားရှားပါးပါးကျန်ရစ်ခဲ့သော အထောက်အထားများနှင့် လက်လှမ်းမီသမျှ သက်ဆိုင်ရာပုဂ္ဂိုလ်တို့ကိုတွေ့ဆုံမေးမြန်း၍ အမျိုးသားရေးရှုထောင့်မှ ရေးသားခြင်းဖြစ်သည်။ ဤသမိုင်းကိုပြုစုရာတွင် တိုင်းပြည်အတွက် အများဆုံးအကျိုးပြုရန် ရည်မှန်းချက်ထားသည်ဟု ဆိုသည်။ ပစ္စုပ္ပန်လူငယ်များသည် အနာဂတ်တွင် တိုင်းပြည်ကို ခေါင်းဆောင်မည့်သူများ ဖြစ်ကြသည်။ လူငယ်များအား လမ်းမှန်သို့ ပို့ဆောင်ပေးနိုင်မှ တိုင်းပြည်တိုးတက် ကြီးပွားမည်ဖြစ်သည်။ လူငယ်များ လမ်းမှားသို့ မရောက်စေဘဲ လမ်းမှန်သို့ရောက်စေရန်မှာ အတိတ်ကာလမှ လူငယ်များသမိုင်းကို ပြန်လည်သုံးသပ်ရန် လိုအပ်သည်။ ယင်းသို့ ပြန်လည်သုံးသပ်နိုင်ရန်အတွက် ဤသမိုင်းကို ပြုစုခြင်းဖြစ်သည်ဟု စာရေးသူက ဆိုသည်။



မိုးကျရွှေကိုယ်၏ ဘဝဇာတ်လမ်းစုံ (ဒုတိယပိုင်း)

စာရေးသူ-မျိုးထွဋ်
ဖြန့်ချိရေး-မစန္ဒာ၊ ဖုန်း-၆၄၀၂၈၃၊ ၀၉-၅၁၅၃၉၂၅
တန်ဖိုး-ကျပ် ၃၀၀၀

၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် ပထမပိုင်းကို ထုတ်ဝေခဲ့သည်။ ဒုတိယပိုင်းကို ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေဖြန့်ချိသည်။ ဒေါက်တာကျော်စိန်က ဦးမျိုးထွဋ်၏အရေးအသားသည် သွက်လက်ရွှင်ပျ၍ ဖတ်ကောင်းသည်၊ စေ့စပ်သူဖြစ်၍ အချက်အလက်စုံလင်သည်၊ သူ့စာကို အပျင်းပြေဖတ်သည်ဖြစ်စေ၊ မိမိသုံးလိုက်ရသည့်အချိန်အတွက် အရှုံးထွက်စရာမပါ အမြတ်ထွက်စရာများသာရှိပါကြောင်း မှတ်ချက်ပါရှိသည်။

ဒေါက်တာညီညီကလည်း ဦးမျိုးထွဋ်သည် စာရေးကောင်းရုံသာမဟုတ်၊ စာရေးတတ်သူဖြစ်ကြောင်းလည်း တွေ့ရသည်။ ဦးမျိုးထွဋ်၏စာအုပ်သည် ခေတ်၏ကြေးမုံပြင်ကြီးဖြစ်နေပြီး တက္ကသိုလ်တွင် အပိုဖတ်စာအဖြစ်ဖတ်ရန် စာအုပ်စာရင်း (Reading List) တွင်ထည့်သွင်းခဲ့လျှင်လည်း ကျေးဇူးရှိမည်ဟု ယူဆမိပါသည်ဟု မှတ်ချက်ပြုထားသည်။

အောင်မြင်မှု ဥပဒေသ



စာရေးသူ - ကြည်ရွှန်း
စာအုပ်တိုက် - Wisdom House
ဖုန်း-၀၁-၅၄၅၀၃၆၊ တန်ဖိုး-ကျပ် ၂၀၀၀

ဘဝအောင်မြင်ရေးစာစုများရေးသားသူ အောင်မြင်မှုဒဿနနှင့် နည်းလမ်းများကို ဟောပြောပို့ချရင်း သန်းကြွယ်သူဌေးအဖြစ် ထူးထူးခြားခြားအောင်မြင်လာသူ ဂျက်ကင်းန်ဖီးလ်က စာရေးဆရာမ ဂျက်နက်ဆွစ်ဇာ (Janet Suitzer) နှင့် တွဲဖက်ရေးသားထားသော The Success Principles စာအုပ်ကို ပြန်ဆိုထားခြင်းဖြစ်သည်။

ယခုစာအုပ်တွင် ပထမပိုင်း၌ပါဝင်သော အောင်မြင်မှုအခြေခံဥပဒေသ ၂၄ရပ်ထဲမှ ဥပဒေသ ၁၂ ရပ်ကို ပထမတွဲအဖြစ် စုစည်းထားခြင်းဖြစ်သည်။ အခြေခံကျကျဖော်ပြထားသော အောင်မြင်မှုဥပဒေသများကို တစ်ခန်းချင်း၊ တစ်ဆင့်ချင်း လိုက်နာအကောင်အထည်ဖော်ကာ လက်ရှိမိမိရောက်နေသောနေရာမှ ရောက်ချင်သောနေရာအထိရောက်အောင် ရည်ရွယ်လမ်းပြပေးသော ဥပဒေသများဖြစ်သည်။

ရပ်ကွက်နှင့် ကျေးရွာ(ရပ်ကျေး) အုပ်ချုပ်ရေးမှူးများ အမေဖွားကို နမူနာယူစေချင်ပါသည်

မြင့်မောင်အေး(ရေစကြို)

အုပ်ချုပ်ရေးဟူသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ကပင် စတင်ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ တစ်နည်းဆိုရပါလျှင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူဟူသော လူတန်းစားနှစ်ရပ်မှာ ကျောက်ခေတ်ကပင် စတင်ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ ထိုအချိန်အခါမှစ၍ပင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူ လူတန်းစားတို့ ပဋိပက္ခမှုနှင့် မကျေနပ်မှုများရှိခဲ့သည်မှာ အစဉ်အလာတစ်ရပ်လိုပင် ဖြစ်နေခဲ့ပါသည်။ မည်သည့်အဖွဲ့အစည်းမဆို ခေါင်းဆောင်၊ အုပ်ချုပ်သူမရှိလျှင် ရေရှည်ရပ်တည်နိုင်ခဲ့ခြင်းမရှိပါ။ မိမိတို့ လူ့အဖွဲ့အစည်းအတွင်းမှပင် ခေါင်းဆောင်များ ရွေးချယ်တင်မြှောက်ရသကဲ့သို့ ခေါင်းဆောင်ကို အထောက်အကူပြုမည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများလည်း တစ်ပါတည်းဖြစ်တည် ပေါ်ပေါက်ခဲ့ရပါသည်။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူတို့ နှစ်ဦးနှစ်ဝ သဟဇာတဖြစ်သည့်အခါ ထိုဒေသ၊ ထိုရပ်ဝန်းတွင် အေးဆေးတည်ငြိမ်မှုရှိပြီး သဟဇာတမဖြစ်သည့်အခါ ပြဿနာအနည်းနှင့်အများ ပေါ်ပေါက်ခဲ့ရသည်မှာလည်း လောကဓမ္မတာလိုပင် ဖြစ်နေပါသည်။

အုပ်ချုပ်သူခေါင်းဆောင်နှင့် အုပ်ချုပ်ရေးအဖွဲ့သည် လောကဓမ္မ မျှတစွာမကျင့်သုံးတတ်သည့်ပုဂ္ဂိုလ်များ ဖြစ်ပါက ပြဿနာပိုမိုရှုပ်ထွေး များပြားလာပြီး လောကဓမ္မကို မျှတစွာကျင့်သုံးတတ်ကြပြီး လူ့သဘော၊ လူ့မနောကို သိရှိကာ ပညာဖြင့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဆင်ခြင်သုံးသပ် ဝေဖန်အုပ်ချုပ်တတ်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အုပ်ချုပ်သည့်အခါ လောကသည် တည်ငြိမ်အေးချမ်း ငြိမ်သက်သာယာမှုများရှိတတ်ပါသည်။

တစ်ခါတစ်ရံတွင်လည်း အုပ်ချုပ်ရေးအဖွဲ့အစည်းက မည်မျှပင်ကောင်းအောင် အုပ်ချုပ်စေကာမူ အကောင်းမမြင်တတ်သူများက အုပ်ချုပ်ရေးမှူးကောင်းများကိုစွပ်စွဲပုတ်ခတ် မကောင်းမြင် ဝါဒဖြင့် ရှုတ်ချတတ်သည့် သဘောရှိကြသည်မှာလည်း လောက၏ သဘောသဘာဝပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လူ့လောကကြီးအတွင်း လူကောင်းနှင့် လူဆိုး၊ ပညာရှိနှင့် ပညာမဲ့၊ အတ္တကြီးသူနှင့် အများအကျိုးရွက်သယ်ပိုးလိုသည့် ပရသမားများ ပူးတွဲရောထွေးနေသဖြင့် လောက၏ စီမံအုပ်ချုပ်ရေးရာများတွင်လည်း အကောင်းရောအဆိုးပါ အမြဲတမ်းရောထွေးနေမည်ဖြစ်ပါသည်။ နိုင်ငံ၊ ရပ်ကျေးအမျိုးမျိုးတို့တွင် အုပ်ချုပ်သူ လူတန်းစားတို့၏ စိတ်စေတနာကောင်းမှု၊ မကောင်းမှုအပေါ် မူတည်၍ တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုတို့ ဖြစ်ပေါ်လာကြရပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံအနှံ့အပြားရှိ ရပ်ကွက်၊ ကျေးရွာ(ရပ်ကျေး) အဖွဲ့များ ရွေးချယ်တင်မြှောက်သည့် ကာလဖြစ်ရာ ပြည်သူများအနေဖြင့်လည်း စေတနာထားပြီး အသိပညာ အရည်အချင်းရှိသည့် လူတော်လူကောင်းများကို ရွေးချယ်ရန်လိုသကဲ့သို့ ရွေးချယ်ခြင်းခံရသူများအနေဖြင့်လည်း မိမိတို့အပေါ် ရွေးချယ်လိုက်သည့် ပြည်သူများအပေါ် စိတ်ကောင်းစေတနာထားပြီး ဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။

ဆောင်းပါးခေါင်းစဉ်တွင် ရေးသားထားသည့် “အမေဖွား” အကြောင်းကို မိတ်ဆက်တင်ပြလိုပါသည်။ အမေဖွားသည် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဆင်မရဲကျေးရွာ၏ သူကြီးမကြီး ဒေါ်ဖွားဖြူပင်ဖြစ်သည်။ ဒေါ်ဖွားဖြူ သူကြီးလုပ်ခဲ့သည့် ခေတ်ကာလမှာ အင်္ဂလိပ်-ဂျပန်၊ အင်္ဂလိပ်တို့ အုပ်စိုးခဲ့သည့် ၁၉၃၈ ခုနှစ်ကာလ ခန့်ကဖြစ်သည်။ ဆင်မရဲကျေးရွာတွင် မူလသူကြီးမှာ ဒေါ်ဖွားဖြူ၏ ခင်ပွန်း ဦးဖိုးကြီးဖြစ်သည်။ ဦးဖိုးကြီးကွယ်လွန်သွားသောအခါ ရှေးအစဉ်အလာများအရ သားဖြစ်သူက မျိုးရိုးစဉ်ဆက် သူကြီးလုပ်ရန်ဖြစ်သော်လည်း ဦးဖိုးကြီး၏ သားမှာ ကျောင်းနေအရွယ် ငယ်ရွယ်သူဖြစ်သောကြောင့် သူကြီးအလုပ်ကို ဆက်လက်လုပ်ဆောင်နိုင်ခြင်း မရှိသေးပါ။

ထိုအခါ တစ်ရွာလုံးကပင် ဒေါ်ဖွားဖြူအား သူကြီးလုပ်ရန် တောင်းပန်ကြသဖြင့် ဆန္ဒမရှိသော်လည်း မိမိရွာအတွက် သူကြီးလုပ်ပေးခဲ့ရသည်။ သူကြီးမကြီး ဒေါ်ဖွားဖြူသည် စိတ်စေတနာလွန်စွာဖြူစင်ကောင်းမွန်သောသူ ဖြစ်သည်။ ဆင်မရဲကျေးရွာသည် ထိုခေတ်ထိုအခါက မြေနုကျွန်းများ ကောင်းစားခဲ့သဖြင့် စီးပွားရေးလွန်စွာကောင်းသော ရွာကြီး တစ်ရွာဖြစ်ပါသည်။ ထိုရွာတွင် စီးပွားဥစ္စာကြွယ်ဝသည့် အသိုင်းအဝိုင်းတွင် ဒေါ်ဖွားဖြူ၏ မိသားစုလည်း အပါအဝင်ဖြစ်သည်။ ဒေါ်ဖွားဖြူသည် ပစ္စည်းဥစ္စာကြွယ်ဝပြီး သူကြီးမကြီးဖြစ်သော်လည်း မာန်မာနမရှိဘဲ စေတနာကောင်းသူဖြစ်သောကြောင့် တောရောမြို့ပါ ခင်မင်သူ မိတ်ဆွေ များပြားလှသူဖြစ်သည်။

ဒေါ်ဖွားဖြူသည် ရေစကြိုတစ်မြို့နယ်လုံး၏ တစ်ဦးတည်းသော အမျိုးသမီးသူကြီးမဖြစ်ပါသည်။ ဒေါ်ဖွားဖြူ၏ ထူးခြားချက်မှာ ၎င်းအုပ်ချုပ်ရသည့် ရွာတစ်ရွာလုံး၏ မိသားစုများနှင့် လူတစ်ဦးချင်းစီ၏ စရိုက်လက္ခဏာကို သိရှိနေခြင်းသည် ဒေါ်ဖွားဖြူ၏ ထူးခြားသော အရည်အချင်းဖြစ်သည်။ ဥပမာအားဖြင့် ရွာအနောက်တောင်ဖျားရှိ ဆင်းရဲသားရပ်ကွက်မှ လင်မယားရန်ဖြစ်နေသည်ဟု ပြောသံကြားသည်နှင့် ဘာကိုမျှအထူးမေးမနေပါ။ စားစရာမရှိ၍ ရန်ဖြစ်ရသည်ကို အတတ်သိနေသဖြင့် ဆန်ဆေးတောင်းထဲတွင် ဆန်ထည့်ပြီး သွားရောက်ပေးကမ်းကာ ထိုလင်မယားကိုလည်း ကလေးများသဖြင့် အလုပ်ကြိုးစားလုပ်ကြရန် ဆုံးမဩဝါဒပေးခဲ့ပါသည်။

ထို့အပြင် နောက်နေ့နံနက်တွင် နှစ်ဧကခန့်ရှိ ဥယျာဉ်ခြံအတွင်း ငှက်ပျောကျင်းများလာရောက်တူးရန် အလုပ်ကိုပါ တစ်ပါတည်း စီစဉ်ပေးခဲ့သည်။ ထိုဥယျာဉ်ခြံသည် ရံဖန်ရံခါ အလုပ်မရှိသည့် ဆင်းရဲသားများအတွက် အလုပ်ရရှိရန် ဖန်တီးပေးသော ဥယျာဉ်ခြံဖြစ်သည်။ ငှက်ပျော၊ သင်္ဘော၊ သရက်နှင့် ဟင်းသီးဟင်းရွက်များ စုံလင်စွာစိုက်ပျိုးထားပြီး တစ်ခါတစ်ရံ ကျေးရွာသူ၊ ကျေးရွာသားများနေမကောင်းထိုင်မသာဖြစ်၍ ခတ်စာလိုသည့်အခါ ထိုဥယျာဉ်ခြံတွင်းမှ သင်္ဘောသီးနှင့် အခြားသစ်သီးဝလံများကို ကုသိုလ်ဖြစ်လှူဒါန်းတတ်ပါသည်။

သူကြီးမကြီး ဒေါ်ဖွားဖြူသည် သူ့ကျေးရွာအတွက်သာမက ပတ်ဝန်းကျင်ကျေးရွာငယ်များကိုပါ ကူညီစောင့်ရှောက်တတ်သောကြောင့် နောင်တစ်ချိန်တွင် တိုက်နယ်သူကြီးမကြီးအဖြစ် လူသိများလာခဲ့သည်။ ဒေါ်ဖွားဖြူ၏ စေတနာမှာ ဆင်မရဲကျေးရွာနှင့် ၃/၄ မိုင်ခန့်ကွာဝေးသည့် ကုန်းတွင်းပိုင်းရွာများမှ ဟင်းသီးဟင်းရွက်နှင့် ပစ္စည်းမျိုးစုံ လာရောက်ရောင်းချသည့် ဆင်းရဲသောဈေးသည်များအား ထမင်းစားချိန်ရောက်ပါက ၎င်း၏အိမ်သို့ခေါ်ယူ ကျွေးမွေးတတ်သည်။ ဒေါ်ဖွားဖြူ၏အိမ်တွင် မိသားစုစားရန်အတွက် ဆန်နို့ဆီဘူး လေးလုံးမျှသာ လိုအပ်သော်လည်း ရပ်နီးရပ်ဝေးမှ ဧည့်သည်များ အလာများသဖြင့် ဆန်နို့ဆီဘူး ၁၂ လုံး (တစ်ပြည်ခွဲခန့်) အမြဲချက်ထားရသည်။

ထိုခေတ်ထိုအခါက မြို့ပိုင်နှင့် ပုလိပ်တပ်ဖွဲ့များ နယ်မြေဆင်းသည့်အခါတွင် သူကြီးအိမ်မှာပင် လာရောက်တည်းခိုကြရာ ရွာသားများအပေါ် ငွေကြေးကောက်ခံခြင်းမရှိ၊ သူကြီးကပင် ဒိုင်ခံချက်ပြုတ်ကျွေးမွေးသည်။ သူကြီးမကြီး ဒေါ်ဖွားဖြူ မြို့တက်သွားသည့်အခါတွင်လည်း ဆီပုံး၊ ငှက်ပျောသီး၊ သင်္ဘောသီး၊ စားစရာငါးကြော်မှမကျန် မြို့ပေါ်ရှိအစိုးရဝန်ထမ်းများအား ပေးကမ်းလှူဒါန်းလေ့ရှိသဖြင့် ဆင်မရဲကျေးရွာသည် သူကြီးမကြီးကောင်းမှုကြောင့် အမြဲတမ်းမျက်နှာပွင့်လန်းလျက်ရှိခဲ့ပါသည်။

ထိုမျှလောက် စိတ်စေတနာကောင်းသည့် သူကြီးမကြီးကိုလည်း အားလုံးက ကြိုက်နှစ်သက်ကြသည်ဟု ပြောမရနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် တစ်နေ့တွင် သူကြီးမကြီးအား လူတစ်ယောက်က မှောင်ရိပ်ခိုရိုက်ပြီး ထွက်ပြေးသွားခဲ့သည်။ ဒဏ်ရာအကြီးအကျယ် ရရှိခဲ့ခြင်းမရှိပါ။ နောက်တစ်နေ့ မိုးလင်းသောအခါ ထိုရိုက်သူက လာရောက်ငိုယို ဝန်ချတောင်းပန်သည်။ “ကျွန်တော်မနေ့ညက အမေဖွားအား ရိုက်ခဲ့မိသည်မှာ ကျွန်တော့်ကို အရက်တိုက်ပြီး မြှောက်ပင့်ရိုက်ခိုင်းသောကြောင့် ကျွန်တော်ပြစ်မှားမိခဲ့ပါသည်”ဟု ငိုယိုကာ အကြိမ်ကြိမ်ရှိခိုးကန်တော့တောင်းပန်ပါတော့သည်။ အမေဖွားကလည်းရိုက်သူကို ခွင့်လွှတ်ကြောင်းနှင့် ရိုက်ရန်မြှောက်ပေးသူများကိုမူ လူမိုက်ဘဝမှ လူလိမ္မာဖြစ်ရန် ဆုံးမရမည်ဟု ရယ်မောပြောဆိုပြီး ပြန်လွှတ်လိုက်သည်။ ထိုအရက်မူးသမားကို မြှောက်ပေးသူများမှာလည်း အခြားသူများမဟုတ်၊ သူ့ဆွေမျိုး သားချင်းများထဲမှ အရက်၊ ဖဲ၊ ဘိန်းနှင့် မကောင်းမှုများကို ပြုလုပ်လိုပြီး ကိုယ်တိုင်လူကြီးလုပ်ရန် စိတ်ကူးယဉ်ခဲ့သောသူများဖြစ်သည်ကို သိရှိရသောအခါ၌လည်း စိတ်မဆိုး ဒေါသမထွက်ပါ။ သို့သော် အရက်၊ ဖဲ၊ ဘိန်းစသည့် ကိစ္စရပ်များကိုမူ ယခင်ကထက်ပင် ပိုမိုတင်းကျပ်စွာအရေးယူ ဆောင်ရွက်ခဲ့သဖြင့် အရက်သမား၊ ဖဲသမား၊ ဘိန်းစားများ တဖြည်းဖြည်းလျော့ပါးသွားခဲ့ပါသည်။

ဒေါ်ဖွားဖြူသည် စိတ်ထားကောင်းပြီး အေးဆေးသော်လည်း သတ္တိမှာမူ ခေသူမဟုတ်ပါ။ ဂျပန်အပြေး အင်္ဂလိပ်အတက် ဗရုတ်ဗရက်ကာလတွင် သူခိုး၊ ဓားပြများ သောင်းကျန်းခဲ့ရာ ဆင်မရဲကျေးရွာကို ရွာလုံးကျွတ်ဓားပြတစ်ကြိမ်အတိုက်ခံရပြီးနောက် ထိုအချိန်အခါက ပြုလုပ်သည့် လုပ်သေနတ်၊ တူမီး၊ လေးမြား၊ လှံတို့ကိုစုဖွဲ့ကာ နောက်တစ်ကြိမ်ဓားပြလာတိုက်လျှင် အသေခံတိုက်ခိုက်မည်ဟု ပြင်ဆင်ခဲ့ပါသည်။ တကယ်ပင်နောက်တစ်ကြိမ် ဓားပြလာတိုက်သည့်အခါတွင် သူကြီးအိမ်မှ မောင်းအဆက်မပြတ်ထုပြီး တစ်ရွာလုံးဝိုင်းဝန်းလိုက်ရာ ဓားပြအဖွဲ့မှာလည်း ၎င်းတို့ လုပ်သေနတ်ကျည်ဆန်မထွက်သဖြင့် ထွက်ပြေးခဲ့ရာ ဓားပြနှစ်ယောက်ကို အရှင်ဖမ်းမိခဲ့သည်။

ထိုဓားပြ နှစ်ယောက်ကို ရွာအနောက်ဘက် ကုက္ကိုပင်၌ကြိုးနှင့်ချည်၍ ပြသထားရာ ရွာသူရွာသားများအပါအဝင် ဘေးရွာများမှ လာရောက်ကြည့်ရှုကြပြီး ဒေါသထွက်နေသော ရွာသားအချို့မှ ရိုက်နှက်ကန်ကြောက်မှုများ ပြုလုပ်လိုသော်လည်း သူကြီးမကြီးက ခွင့်မပြုခဲ့ပါ။ ၎င်းက ပြောသည်မှာ “မင်းတို့က လူလိမ္မာ၊ ဓားပြဆိုတာကလူမိုက် တရားဥပဒေမဲ့ရိုက်နှက်ရင် မင်းတို့ပါ လူမိုက်စာရင်းဝင်သွားလိမ့်မည်” ဟု ပြောဆိုကာ ဓားပြများကို ဥပဒေအရ အရေးယူရန် မြို့ပေါ်ရဲစခန်းသို့ သွားရောက်အပ်နှံပေးခဲ့သည်။ မြို့ပေါ်ရှိ အင်္ဂလိပ်အစိုးရအဖွဲ့ကလည်း ဒေါ်ဖွားဖြူနှင့် ဆင်မရဲကျေးရွာသူရွာသားတို့၏သတ္တိကို ချီးကျူးဂုဏ်ပြုခဲ့ကြပါသည်။

ယခုအချိန်ကာလ ရပ်ကျေးအုပ်ချုပ်ရေးမှူးအချို့သည် ပြည်သူလူထုကို နားလည်အောင်လေ့လာပြီး ကူညီစောင့်ရှောက်ရမည့်အစား ပြည်သူလူထုအပေါ် မိမိတို့ရရှိထားသည့် အုပ်ချုပ်မှုအာဏာကို အလွဲသုံးစားပြုလုပ်၍ ဒုက္ခပေးသောကြောင့် ပြည်သူလူထုက မကျေနပ်သဖြင့် တိုင်တန်းပြောဆိုနေကြသည်ကိုလည်း အများအပြားတွေ့ရှိရသည်။

ယခုအခါတွင် မြန်မာနိုင်ငံအနှံ့အပြားရှိ ရပ်ကွက်၊ ကျေးရွာ (ရပ်ကျေး) အဖွဲ့များ ရွေးချယ်တင်မြှောက်သည့် ကာလဖြစ်ရာ ပြည်သူများအနေဖြင့်လည်း စေတနာထားပြီး အသိပညာ အရည်အချင်းရှိသည့် လူတော်လူကောင်းများကို ရွေးချယ်ရန်လိုသကဲ့သို့ ရွေးချယ်ခြင်းခံရသူများအနေဖြင့်လည်း မိမိတို့အပေါ် ရွေးချယ်လိုက်သည့်ပြည်သူများအပေါ် စိတ်ကောင်းစေတနာထားပြီး ဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။

အားလုံးကိုတော့မဆိုလိုပါ။ အတ္တ၊ ပရမျှတစွာဖြင့် အုပ်ချုပ်ကြသည့် ရပ်ကျေးအဖွဲ့အစည်းအချို့ကိုလည်း တွေ့ရှိရပါသည်။

အုပ်ချုပ်ခံရသူများဘက်ကလည်း ဥပဒေကိုလိုက်နာ၍ အုပ်ချုပ်သူများအပေါ် ကိုယ်ချင်းစာနာတတ်ရန် လိုအပ်ပါသည်။ ယခုတစ်ကြိမ် ၂၀၁၂/၂၀၁၃ ခုနှစ်တွင် ရွေးချယ်တင်မြှောက်မည့်သူများရော၊ ရပ်ကျေးလူကြီးအဖြစ် ရွေးချယ်ခြင်းခံရမည့်သူများပါ အထက်တွင် တင်ပြခဲ့သည့် သူကြီးမကြီး ဒေါ်ဖွားဖြူ၏ ထုံးကိုနှလုံးမူကာ သဟဇာတမျှတစွာဖြင့် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

သမဝါယမအသင်းများသို့ အသေးစားချေးငွေများပေးအပ်

တောင်ကြီး ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ သမဝါယမအသင်းများအား အသေးစားချေးငွေများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှု အသင်းခန်းမ၌ ပြုလုပ်သည်။ ပေးအပ်ပွဲသို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်နှင့် သမဝါယမအသင်းအသီးသီးမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်ကြီးများအသင်း၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

သမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းမှုအခြေအနေနှင့် ချေးငွေများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးနေမှုများ၊ အများပိုင်ငွေကြေး ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီး ငွေကြေးပံ့ပိုးမည့် အစီအစဉ်များ၊ အဖွဲ့အစည်းစနစ် (Organization)၊ ပညာပေးရေး အစီအစဉ် (Education)၊ ပြန်လည်ပြုပြင် ထိန်းကျောင်းမှု (Regulation) စသည်ဖြင့် သမဝါယမစနစ် အောင်မြင်စွာ ဆောင်ရွက်မည့် အခြေအနေများကို သမဝါယမဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သမဝါယမအသင်းများသို့ အသေးစားချေးငွေများ ပေးအပ်ရာ ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ သမဝါယမဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုဦးစီးဌာနမှ တာဝန်ရှိသူများက ညောင်ရွှေ၊ ကလော၊ ပင်လောင်း၊ ရပ်စောက်၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်းတယ၊ ရွာငံ၊ ဖယ်ခုံ၊ နမ့်စန်၊ ကျိုင်းတုံမြို့နယ်များမှ သမဝါယမအသင်း ၇၇ သင်းအတွက် ချေးငွေကျပ် ၂၉၃၃ ဒသမ ၃၅သိန်း ကို ပေးအပ်ခဲ့သည်။ သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျေးရွာပေါင်း ၆၀၀၀၀ကျော်တွင် ပြည်သူများ ဆန္ဒရှိပါက ကျေးရွာတစ်ရွာလျှင် သမဝါယမအသင်းတစ်သင်း ဖွဲ့စည်းပြီး သမဝါယမလုပ်ငန်းများ ရှင်သန်ခိုင်မာရေး ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ထွန်း(တောင်ကြီး)

အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

Mount Pleasant Hotel ဟိုတယ်အုပ်စု၏ ဒါရိုက်တာဖြစ်သော မချိုသာခင်(ခ)ဘုံဘုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သော **သုဓမ္မသီဂီ**ဘွဲ့ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

Mount Pleasant Hotel အုပ်စုဝန်ထမ်းမိသားစုများ
Mount Pleasant Hotel (နေပြည်တော်)
Mount Pleasant Hotel ဟိုတယ်အုပ်စု
(ဝန်ဇင်း၊ကလော၊ ပင်းတယ၊ ကော့သောင်း)

ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသတွင် WY စာတန်းပါ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

ရမည်းသင်း ဇန်နဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီးတောင်ပိုင်း မူးယစ် (အထူး)တပ်ဖွဲ့မှ ရဲအုပ်တိုင်ဇာအုပ်နှင့်အဖွဲ့၊ နွားလမ်းရဲကင်းမှူး တပ်ကြပ်ကြီး သန်းလှိုင်ဝင်းနှင့်အဖွဲ့၊ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ လုံခြုံရေးဝန်ထမ်းများအပြင် သက်သေ ဝါးဖြူတောင်ရွာအုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ရာအိမ်မှူး ဦးဇော်မျိုးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီက မိုးထိမိုးမိဒေသထန်းသုံးပင်ဇုန်(၄)နေ ဇော်လင်းကြူး၊ မဟိုဝူမေ(ခ)အာဝူမေတို့ နေထိုင်သော တဲအိမ်ကို ဝင်ရောက် ရှာဖွေကြသည်။

၎င်းဇနီးမောင်နှံထံမှ စိတ်ကြွမူးယစ်ဆေးပြားဟု ယူဆရသော WY စာတန်းပါ လိမ္မော်ရောင်ဆေးပြား ၁၉၀၊ ၁၉ ဂရမ်နှင့် ငွေကျပ် ၄၉၀၀၀ ကို သိမ်းဆည်းရမိသည်။

သို့ဖြစ်၍ အမှုကို ထူးကုန်းရဲစခန်း စခန်းမှူး ဒုရဲအုပ်သန်းဇော်ထွေးက အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ဝ၁၁)**

ဖျာပုံ၌ ကြက်တိုက်လောင်းကစားသူများအား အရေးယူ

ဖျာပုံ ဇန်နဝါရီ ၁၅

ဖျာပုံရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ထွန်းဦးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်က ဖျာပုံမြို့ ၁၄ ရပ်ကွက် ရွှေပြည်အေး ဆန်စက်အနီးတွင် ကြက်တိုက်လောင်းကစားနေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးကြရာ ကြက်တိုက်လောင်းကစားမှုကို ဦးဆောင်လုပ်ကိုင်သူ ၁၄ ရပ်ကွက် ရွှေပြည်အေး ဆန်စက်ဝင်းနေ ရဲကြီးသည် ထွက်ပြေးတိမ်းရှောင်သွားပြီး ကြက်တိုက်လောင်းကစားသည့်နေရာတွင် အုန်းရွှေ ၃၃ နှစ်၊ ဝင်းမြင့် ၂၀ နှစ်၊ မျိုးကျော် ၂၅ နှစ်၊ မြင့်စိုး ၅၃ နှစ်၊ လှဝင်းထွန်း ၂၅ နှစ်၊ ငွေးကို ၄၃ နှစ်တို့ကို တိုက်ကြက်ဖ နှစ်ကောင်၊ ကြက်တိုက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ တွေ့ရှိရ၍ သက်သေများရှေ့တွင် ဖမ်းဆီးပြီး ကြက်တိုက်ရာတွင် ဦးဆောင်သူ ရဲကြီးနှင့် အုန်းရွှေပါ ခြောက်ဦးတို့ကို အရေးယူပေးရန် တိုင်တန်းသဖြင့် ဒီဇင်ဘာ ၂၇ ရက်က ဖျာပုံရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။ **သောင်းညွှန့်(ဖျာပုံ)**

ကျောင်းကြိုကားကို နောက်မှဝင်တိုက်မှု ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၅

ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီ ခန့်က ရွှေပြည်သာမြို့နယ် အမှတ် ၇ ရပ်ကွက် နဝရတ်ဈေးရှေ့ ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါနေ့တွင် ၈ဃ/. . . Townace ဦးသန်းစိန် ပုဂ္ဂလိက ကျောင်းကြိုယာဉ်သည် နဝရတ်လမ်းမှ ဘုရင့်နောင်လမ်းမဘက်သို့ ကွေ့၍ အမှတ် ၉ ရပ်ကွက်သို့ မောင်းနှင်စဉ် ထန်းခြောက်ပင်ဘက်မှ အမှတ် ၉ ရပ်ကွက်ဘက်သို့ မောင်းနှင်လာသော ၈ည/. . . Townace ယာဉ်က နဝရတ်ဈေးအရောက်တွင် ကျော်တက်ရာ ယာဉ်နောက်ပိုင်းနှင့် ဦးခေါင်းတို့ ချိတ်မိပြီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ကျောင်းသား ကျောင်းသူများ ထိခိုက်မှုမရှိကြောင်းနှင့် ကျောင်းကြိုယာဉ်အနည်းငယ်ထိခိုက်ပျက်စီးသွားပြီး ကျောင်းကြိုပို့ရပ်နားခဲ့ရကြောင်း သိရသည်။ **(၁၆၆)**

တရားမဝင်ကျွန်းခွဲသားများ သိမ်းဆည်းရမိ

လှည်းကူး ဇန်နဝါရီ ၁၅

လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးဇင်မွန်နိုင် ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် ဆက်စပ်မြို့နယ်များဖြစ်သည့် ပဲခူးမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာန အဖွဲ့များဖြင့် ပူးပေါင်းလျက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ သယ်ယူဖြတ်သန်းသွားလာနေမှုများကို ဝိုင်းဝန်းပိတ်ဆို့ ရှာဖွေဖော်ထုတ်ဖမ်းဆီး ဆောင်ရွက်ရာ ဇန်နဝါရီ ၉ ရက် နံနက် ၆ နာရီ ၂၂ မိနစ်ခန့်တွင် ရန်ကုန်ဘက်သို့ ဦးတည်မောင်းနှင်လာသော CALDINA VAN ယာဉ်တစ်စီးသည် မိုင်တိုင်အမှတ် ၃၉/၃ (ဘောနက်ကြီးတံတား)မှ ဖြတ်သန်းသွားစဉ် မသင်္ကာဖွယ်ရာတွေ့ရှိရသည့်အတွက် စစ်ဆေးနိုင်ရန် တားဆီးသော်လည်း ရပ်တန့်ခြင်းမရှိဘဲ မိုင်နှုန်းမြင့် မောင်းနှင်သွားသည်။ ထို့ကြောင့် မော်တော်ယာဉ်များ မောင်းနှင်ပြီး လိုက်ကြရာ နံနက် ၆ နာရီ ၅၄ မိနစ်ခန့်တွင် မိုင်တိုင်အမှတ် (၁/၃) ရောက်ရှိချိန်၌ အဆိုပါ ၂ခ/---၊ CALDINA VAN (အဖြူရောင်)ယာဉ်မှ ယာဉ်မောင်းပါ နှစ်ဦးသည် ယာဉ်ကို ရပ်တန့်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အဆိုပါယာဉ်ကို ဖွင့်ဖောက်စစ်ဆေးရာ ယာဉ်ပေါ်ပါ တရားမဝင်ကျွန်းခွဲသား ၃၆ ချောင်း (၀ ဒသမ ၇၀၇၂) တန်ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကျွန်းခွဲသားများ သယ်ယူတင်ဆောင် မောင်းနှင်လာပြီး ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်း၊ ယာဉ်ပေါ်ပါသူနှင့် ဆက်စပ်တရားခံများဖြစ်သည့် ယာဉ်ပိုင်ရှင်၊ သစ်ပိုင်ရှင်တို့ကို လှည်းကူးမြို့နယ်ရဲစခန်းတွင် အရေးယူပါရန် အမှုဖွင့်ထားကြောင်း သိရှိသည်။ **(အပေါ်ပုံ)**

လှကြွယ်(လှည်းကူး)

မှုခင်းသတင်းနှင့်ကြော်ငြာ

မန္တလေး ချမ်းအေးသာစံ၌ ယာဉ်ဆင့်တိုက်မှုဖြစ်ပွား

မန္တလေး ဇန်နဝါရီ ၁၅

မန္တလေး ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် ၃၁ လမ်းထောင့်တွင် ဇန်နဝါရီ ၇ ရက် ညနေ ၄ နာရီကျော်က ကင်တာယာဉ်တစ်စီး၊ တိုယိုတာဝေ့ချ်ယာဉ်တစ်စီးနှင့် ဒရင်းဆိုင်ကယ်တစ်စီးတို့ ရှေ့နောက်ဆင့်ကဲ တိုက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ ဒေါက်တာလှဝင်းသည် တိုယိုတာဝေ့ချ် ၄C/---- မော်တော်ယာဉ်ဖြင့် ၃၁ လမ်းအရှေ့မှ အနောက်ဘက်သို့ မောင်းနှင်လာရာ ၈၄ လမ်းကိုဖြတ်သန်းရန် စောင့်နေစဉ် နောက်မှ ကိုရဲမောင်းနှင်လာသော ကင်တာ အမျိုးအစား မော်တော်ယာဉ်အမှတ်၇ခ/---- က ဝင်တိုက်မိသောကြောင့် ဝေ့ချ် မော်တော်ယာဉ်က တောင်မှ မြောက်သို့ မောင်းနှင်လာသော ဒရင်း မော်တော်ဆိုင်ကယ်ကို ဝင်တိုက်မိခဲ့ရာ ဆိုင်ကယ်ကို ကားရှေ့ဘီးဖြင့် နင်းမိခဲ့သော်လည်း ဆိုင်ကယ်မှအမျိုးသမီးမှာ လမ်းဘေးသို့ လဲကျသွား၍ အသက်ဘေးမှ လွတ်သွားခဲ့ကြောင်းနှင့် တိုယိုတာဝေ့ချ် မော်တော်ယာဉ်သည် နောက်ပိုင်းတစ်ခုလုံး ကြေမွသွားသော်လည်း ကားနောက်ခန်းခုံမှ ကလေးငယ်သည် မှန်ကွဲရှဒဏ်ရာ အနည်းငယ်သာ ရသွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၄ဝ)**

ကံမမြို့နယ်တွင် ဝါးကား ချောက်ထဲထိုးကျ လေးဦးသေဆုံး

သရက် ဇန်နဝါရီ ၁၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စီကျေးရွာအုပ်စု ရသေ့တောင်တဲတိုက်အနီး၌ ဝါးတင်မော်တော်ယာဉ်တစ်စီး ချောက်ထဲထိုးကျ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါလာသူ လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

အရေးယူဆောင်ရွက်

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် နံနက် ၅ နာရီခွဲခန့်ကယာဉ်မောင်း ငဇော် ၂၅ နှစ် အလယ်ချောင်းကျေးရွာ ကံမမြို့နယ်သည် ၉/--- ဟီးနိုးခဲပြာရောင် ခြောက်ဘီးယာဉ်ဖြင့် ဝါးများတင်ဆောင်၍ ရသေ့တောင်တဲတိုက်မှ အလယ်ချောင်းကျေးရွာသို့ တောလမ်းအတိုင်း မောင်းနှင်လာစဉ် အဆိုပါ တဲတိုက်အနီး၌ပင် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက် ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း ငဇော် ၂၅ နှစ် အလယ်ချောင်းကျေးရွာ ကံမမြို့နယ်နှင့် ယာဉ်ပေါ်လိုက်ပါလာသူ ဉာဏ်အောင် ၃၅နှစ် (လိပ်စာတူ)၊ မြင့်ဝင်း ၃၅ နှစ် (လိပ်စာတူ)နှင့် ဇော်လေး ၂၅ နှစ် (လိပ်စာတူ)လေးဦးတို့ အခင်းဖြစ်ရာနေရာတွင် သေဆုံးခဲ့ရသောကြောင့် ကံမမြို့နယ် ကြို့ပင်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၁၈၂)**

REPUBLIC OF THE UNION OF MYANMAR
Telecommunication Operator Tender Evaluation and Selection Committee
Nay Pyi Taw
Press Release
Expression of Interest regarding the tender for two Telecommunications Service Licences in the Republic of the Union of Myanmar

Date: January 15, 2013

The Government of the Republic of the Union of Myanmar has laid down the policy framework for the development of the country's telecommunications and ICT industry by facilitating competition of both local and international operators in the sector. The principal goals for this are to increase the overall tele-density of the country to 75% to 80% in 2015-2016 to make the telecommunications services available to the public at affordable prices, and to give the public the capability of choice for the telecoms services.

In this context, the Union Government will award two nationwide telecommunications service licences by the first half of 2013. The Telecommunication Operator Tender Selection Committee officially set up by the Union Government invites telecommunications companies to express their interest.

As a first step, interested entities are required to submit an Expression of Interest (EOI) **no later than 3 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on January 25th, 2013 to the Telecommunication Operator Tender Evaluation and Selection Committee at mcit_tender@mcit.gov.mm or to Telecommunication Operator Tender Evaluation and Selection Committee, Office Building No(32), Nay Pyi Taw; Republic of the Union of Myanmar.**

The submission form for the Expression of Interest (EOI), guidelines for submission and all relevant documents are available for download from this link http://www.mcit.gov.mm/industries/tender.htm.

Chairman
Telecommunication Operator Tender Evaluation and Selection Committee,
Government of the Republic of the Union of Myanmar

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
နေပြည်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(၂)ခု တင်ဒါအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest)

ရက်စွဲ ။ ။ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၅ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကဏ္ဍအတွင်းရှိ ပြည်တွင်းပြည်ပမှ ဝန်ဆောင်မှုပေးသူများအား ယှဉ်ပြိုင်မှုပြုစေခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မူဝါဒချမှတ်ထားပါသည်။ ယင်းမူဝါဒ၏အဓိကရည်မှန်းချက်များမှာ နိုင်ငံတော်၏ Teledensity အား ၂၀၁၅-၂၀၁၆ တွင် ၇၅ရာခိုင်နှုန်းမှ ၈၀ရာခိုင်နှုန်းသို့ မြှင့်တင်နိုင်ရန်၊ ဆက်သွယ်ရေးဝန်ဆောင်မှုများကို အများပြည်သူမှ သက်သာသည့်နှုန်းထားဖြင့်ရရှိနိုင်စေရန်နှင့် စိတ်ကြိုက်ရွေးချယ်အသုံးပြုနိုင်စေရန်တို့ဖြစ်ပါသည်။

ယင်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ခုနှစ် ပထမနှစ်ဝက်အတွင်းတွင် ပြည်ထောင်စုအစိုးရသည် နိုင်ငံတစ်ဝန်းလုံး ဆက်သွယ်ရေးဝန်ဆောင်မှုရရှိစေမည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင် (၂)ခုအား ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရမှ ဖွဲ့စည်းထားသည့် Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှနေ၍ ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသည့် Operator များထံသို့ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest -EOI) ပေးပို့ရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့်အဖွဲ့အစည်းများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest -EOI)အား Telecommunication Operator **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ** အီးမေးလ်လိပ်စာ (mcit_tender@mcit.gov.mm) သို့မဟုတ် ရုံးအမှတ် ၃၂၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၅ရက် ညနေ ၃နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(EOI) ပုံစံ၊ လမ်းညွှန်ချက်များနှင့် တခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား http://www.mcit.gov.mm/industries/tender.htm တွင် Download ပြုလုပ်ရယူနိုင်ပါသည်။

ဥက္ကဋ္ဌ
Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အားကစားသတင်း

တစ်ပတ်အတွင်း MNL ပွဲစဉ်များကို ခံစားခြင်း

ရဲရင့်ရှိုင်း

ရန်ကုန်အသင်းအတွက် ခြေစွမ်းပြပြီး ဂိုးများသွင်းယူပေးနေသည့် တိုက်စစ်မှူး ဆီဇာ

ဇန်နဝါရီ ၁၂၊ ၁၃ရက်များက MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂)ကို ကျင်းပခဲ့သည်။ ဒီနှစ် MNL ပြိုင်ပွဲကတော့ အသင်းကြီးတွေ အခြေအနေမကောင်းမယ့်နှစ်လားတော့မသိ။ လက်ရှိချန်ပီယံ ရန်ကုန်နှင့် ဇေယျာရွှေမြေတို့ကလွဲ၍ အသင်းကြီးတွေ ရလဒ်မကောင်းသေး။ ပြီးခဲ့သည့် ၂၀၁၂ ပြိုင်ပွဲတုန်းက အဆင့် ၅ အတွင်းဝင်ခဲ့ကြသည့် အဆင့် ၂ ကမ္ဘောဇ၊ အဆင့် ၃ ရတနာပုံ၊ အဆင့် ၅ ဧရာဝတီတို့ရဲ့ ရာသီအဖွင့်ရလဒ်တွေက အံ့အားသင့်စရာ။

ရတနာပုံ၊ ကမ္ဘောဇတို့ရဲ့အံ့သြဖွယ်ရလဒ်

ပြိုင်ပွဲအကြိုပြင်ဆင်မှုတွေ၊ ကစားသမားသစ်တွေ ခေါ်ယူမှုတွင် ရတနာပုံက ထိပ်ဆုံးကဖြစ်သည်။ မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်သည့် သီဟစည်သူ (ဂိုး)၊ ဇော်မင်းထွန်း၊ ရန်အောင်ဝင်းနှင့် ကောင်းစည်သူတို့လေးဦးကို တစ်ပြိုင်နက် အံ့အားသင့်ဖွယ် ခေါ်ယူပြခဲ့သည်။ နိုင်ငံခြားသားနည်းပြကိုလည်း အသစ်လဲသည်။ နိုင်ငံခြားသား ကစားသမားတွေလည်း အသစ်ခေါ်ယူသည်။ နှစ်နှစ်ကြာ ဝေးကွာခဲ့သည့် ချန်ပီယံဆုကို တစ်ကျော့ပြန်ပြန်လည်ရယူရန် ရတနာပုံပြင်ဆင်သည်။ ပြိုင်ပွဲအကြိုပြင်ဆင်မှုက ပုံမှန်ထက်ပင် ပိုကောင်းခဲ့သော်လည်း ရလဒ်ကတော့ မထင်မှတ်လောက်အောင် ပြောင်းပြန်ဖြစ်နေသည်။ ပြိုင်ပွဲအစနှစ်ပွဲစလုံးကို အိမ်ကွင်းတွင် ကစားရသော်လည်း ရနိုင်သည့်အမှတ်ခြောက်မှတ်ထဲမှ တစ်မှတ်သာရသည်။ ငါးမှတ်တောင်ဆုံးရှုံးခဲ့သည်။ နည်းပြအသစ်၊ ကစားသမားအသစ်၊ ကစားကွက်အသစ်တွင် ရတနာပုံအသင်း ရလဒ်က ထိုးဆင်းနေသည်။ အဖွင့်ပွဲစဉ်တွင် ရခိုင်ယူနိုက်တက်ကို တစ်ဂိုးစီ သရေကျပြီး ဒုတိယပွဲတွင် မကွေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးသည်။ မကွေးနှင့်ပွဲတွင် မန္တလေး ပရိသတ်က ညည့်သည်ပရိသတ်ဖြစ်သွားရသည်။ ၂၀၁၁ ရာသီကလို မဖြစ်အောင် အမြန်ဆုံး အဖြေရှာရတော့မည်။

ရတနာပုံလိုပဲ ရလဒ်တွေဆိုးရွားနေတာက ကမ္ဘောဇအသင်းဖြစ်သည်။ ၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲနှင့် MFF CUP ရှုံးထွက်ပြိုင်ပွဲတို့တွင် ဒုတိယရခဲ့သည့်အသင်းက နည်းပြနှင့်ကစားသမားအများစုပင်ဖြစ်ပြီး ကစားသမားအသစ်အဝင်က အနည်းငယ်သာရှိသည်။ ဒါပေမယ့် ကစားကွက်က သိသိသာသာပျက်သွားသည်။ ကစားသမားတွေရဲ့ တစ်ဦးချင်းခြေစွမ်းကကျဆင်းနေပြီး တိုက်စစ်ကစားပုံက ပြီးခဲ့သည့်ရာသီကလို မဟုတ်တော့။ ဟံသာဝတီအသင်းမှ ခေါ်ထားသည့် ဂျူနီယာကလည်း ကွင်းလယ်တွင် လူပိုတစ်ယောက် ဖြစ်နေသည်။ အသစ်ခေါ်ထားသည့် တောင်ကိုရီးယား တိုက်စစ်မှူးပါလာရင်တော့ ကမ္ဘောဇတိုက်စစ် အပြောင်းအလဲဖြစ်မလား မပြောတတ်သေး။ နေပြည်တော်၊ ဧရာဝတီတို့နှင့် ပွဲကျပ်တွေ ဆက်တိုက်ကစားရမည့် ကမ္ဘောဇအသင်း လမ်းကြောင်းမှန်ပေါ် ပြန်ရောက်အောင် လုပ်ရတော့မည်။

ကြောက်စရာကောင်းသည့် တိုက်စစ်အတွဲနှင့် လက်ရှိချန်ပီယံ

ရာသီကြိုခြေစမ်းပွဲများတွင် လက်ရှိချန်ပီယံရန်ကုန်တို့ နိုင်ပွဲတစ်ပွဲမျှ မရခဲ့သော်လည်း ပြိုင်ပွဲမှာတော့ ဆက်တိုက်ခြေစွမ်းပြနေသည်။ အပြောင်းအရွှေ့ကာလတွင် အမာခံကစားသမားနှစ်ဦးဖြစ်သည့် ရန်အောင်ဝင်းနှင့် ကောင်းစည်သူတို့ကိုရောင်းထုတ်ခဲ့၍ ပရိသတ်တွေထဲမှ မကျေနပ်သည့်အသံ တချို့ထွက်ခဲ့သော်လည်း ကျော်ကိုကိုအား ပြန်ခေါ်ပြီး ချွေးသိပ်ခဲ့သည်။ ကွန်မြူနတီဖလားပွဲတွင် ဧရာဝတီကို အနိုင်ယူပြီး ဖလားယူသည်။ အမှတ်ပေးပြိုင်ပွဲမှာလည်း တစ်ပွဲထက်တစ်ပွဲပိုကောင်းသည့် ခြေစွမ်းဖြင့် နှစ်ပွဲဆက် နိုင်ပွဲရယူခဲ့ပြန်သောကြောင့် ပရိသတ်တွေ ကျေနပ်သွားသည်။ ဒီနှစ်ရန်ကုန်အသင်း အားသာချက်က တိုက်စစ်ဟုဆိုရမည်။ ကိုနေးအဒမ်မာနှင့် ဆီဇာတို့၏အားက အတော်အားကိုးရပြီး ရခိုင်နှင့်ပွဲတွင် ကျော်ကိုကိုပါထည့်ကာ ၄-၃-၃ ပုံစံဖြင့် ကစားခဲ့သည်။ ကိုနေး၏ ကိုယ်လုံးကိုယ်ထည်နှင့် တိုးအားက ပြိုင်ဘက်နောက်တန်းတွေ ထိန်းဖို့မလွယ်သလို ဆီဇာကလည်း ဂိုးသွင်းသေချာသည်။ ကစားပြီးသည့် နှစ်ပွဲတွင် ကိုနေးက သုံးဂိုး၊ ဆီဇာက နှစ်ဂိုးဖြင့် နှစ်ဦးပေါင်း သွင်းဂိုးက ငါးဂိုးအထိရှိသည်။ ဒဏ်ရာရနေသည့် ကြည်လင်းနှင့် ဒေးဗစ်ဒန်းတို့ ထပ်ပါလာလျှင် ရန်ကုန်တိုက်စစ်က ပိုပြီးကြောက်စရာကောင်းသွားလိမ့်မည်။

စောင့်ကြည့်ရမည့် မကွေး

မကွေးအသင်းဟုဆိုလျှင် ပရီမီယာလိဂ်က အာဆင်နယ်အသင်းကို ပြေးမြင်မိသည်။ နှစ်စဉ်အသင်းက အမာခံကစားသမားတွေကို ရောင်းထုတ်သည်။ ထို့အတူ မကွေးအသင်းကလည်း ၂၀၁၀ ရာသီကစပြီး အမာခံကစားသမားတွေ တစ်ဦးပြီးတစ်ဦးထွက်သည်။ ဒါပေမယ့် မကွေးအသင်း၏ ခြေစွမ်းကကျမသွား။ အသင်းကြီးတွေကို ဒုက္ခပေးနိုင်သည့် အသင်းဖြစ်ပြီး ပြိုင်ပွဲကုန်ဆုံးချိန်တွင်လည်း ထိုက်တန်သည့် နေရာတစ်ခုတော့ရသည်။ အခုနှစ်မှာလည်း အဖွင့်ပွဲတွင် နေပြည်တော်နှင့် တစ်ဂိုးစီ သရေကျသည်။ ခြေစွမ်းကသာမန်အနေအထားသာရှိသည်။ ဒါပေမယ့် ရတနာပုံနှင့် ကစားရသည့် အဝေးကွင်းပွဲတွင် အကောင်းဆုံးခြေစွမ်းကို ပြသနိုင်ခဲ့သည်။ နိုင်ငံခြားသား ကစားသမားသုံးဦးနှင့် ပြည်တွင်းကစားသမားတွေ၏ ပေါင်းစပ်မှုက အိမ်ရှင်ရတနာပုံကို ရှုံးပွဲစတွေ့သွားစေသည်။ လက်ရွေးစင်အဆင့်ကစားသမားဆိုလို့ ဂိုးသမား ကျော်ဇင်ဖြိုး တစ်ဦးတည်းသာပါသည့် မကွေးအသင်းက နှစ်ပွဲတွင် လေးမှတ်ရထားသည်။ စောင့်ကြည့်ရမည့် အသင်းဟုဆိုချင်သည်။

ခုတစ်ပတ်ပွဲစဉ်တွေမှာ ဇေယျာရွှေမြေက နှစ်ပွဲဆက်နိုင်ပြီး ရန်ကုန်ကို အမီလိုက်သည်။ ဧရာဝတီ၊ နေပြည်တော်နှင့် မနောမြေတို့ကတော့ နိုင်ပွဲလည်းမရှိ ရှုံးပွဲလည်းမရှိဘဲ နှစ်ပွဲစလုံး သရေကျသည်။ ပြင်ဆင်မှုတွေ အသေအချာပြုလုပ်ထားသည့် ဇွဲကပင်အသင်းက ခြေစွမ်းပိုင်းတက်လာသော်လည်း ရလဒ်ပိုင်းက မထူးခြားသေး။ ပွဲစဉ်(၃)မှာ ဘာတွေဆက်ဖြစ်မလဲ စောင့်ကြည့်ရဦးမှာဖြစ်ပြီး ပွဲစဉ်တစ်ခုပြီးတိုင်း ခံစားမိတာတွေကို တင်ပြပေးသွားမည်ဖြစ်သည်။

စီရိုနယ်ဒို ရီးရဲမက်ဒရစ်မှ ထွက်ခွာရန်နီးလာ

ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒိုက လက်ရှိစာချုပ် ကုန်ဆုံးသည့်တိုင်အောင် ရီးရဲမက်ဒရစ်အသင်း၌ ဆက်နေသွားမည်ဖြစ်သော်လည်း ထို့နောက်ပိုင်းတွင် မည်သို့ဖြစ်လာမည်ကို မသိနိုင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ မန်ယူတိုက်စစ်မှူးဟောင်း စီရိုနယ်ဒို**(အပေါ်ပုံ)**သည် လက်ရှိရီးရဲမက်ဒရစ်နှင့် စာချုပ်မှာ ၂၀၁၅ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ သို့သော်လည်း စပိန်နာမည်ကြီးကလပ်များက ခေါ်ယူရန်ဆက်သွယ်ထားသည်။

ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်ဒိုသည် ၂၀၀၉ ခုနှစ်က မန်ယူမှ ရီးရဲမက်ဒရစ်သို့ ပေါင်သန်း ၈၀ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မန်ယူမှ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် မန်ယူနှင့် ဖေဖော်ဝါရီလတွင် ချန်ပီယံလိဂ် ၁၆ သင်း ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မန်စီးတီးထပ်ရှုံးလျှင် ဖလားလက်လွှတ်ရဖွယ်ရှိ

မန်စီးတီးအသင်းအနေဖြင့် လာမည့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် တစ်ပွဲထက်ပိုရှုံးမည်ဆိုလျှင် ဖလားပြန်လည်ရယူရေး ရှုန်းကန်ကြိုးစားရလိမ့်မည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ဒေးဗစ်ဆီးလ်ဗားက ပြောကြားသည်။ မန်စီးတီးတို့ လွန်ခဲ့သော သီတင်းပတ်က အာဆင်နယ်ကို နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး မန်ယူနောက်မှ ခုနစ်မှတ်ခွာ၍ လိုက်နေရဆဲဖြစ်သည်။

ဇမ်ဘီယာခံစစ်မှူး ရက်ဒင်းနှင့်စာချုပ်နိုင်

ဇမ်ဘီယာဗဟိုခံစစ်မှူး စတော့ပီလာဆန်ဇူသည် ပရီမီယာလိဂ်ကလပ်သို့ မပြောင်းမီ ရက်ဒင်းအသင်းနှင့် လေ့ကျင့်နေပြီဖြစ်သည်။ အသက် ၂၃နှစ်ရှိ ဆန်ဇူသည် ကွန်ဂိုကလပ် တီဘီမာဇမ်ဘီတွင် ကစားနေသူဖြစ်သည်။ ၎င်းသည် ရက်ဒင်းနှင့်စာချုပ်ရန် နီးစပ်နေသည်။

ကောင်းမြတ်သူ-စုစည်းသည်

မွေးနေ့ဆုတောင်း

ချစ်မေမေ ဒေါ်ခင်စန်းလှနွယ်(ဘုရား၊ ကျောင်းဒါယိကာမ) ပျဉ်းမနား၏ ၁၆-၁-၂၀၁၃ ရက်တွင် ကျရောက်သောမွေးနေ့မှသည် နှစ်တစ်ရာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ ချစ်သားသမီး၊ မြေးများနှင့်အတူ သာသနာအကျိုးဆောင်ရွက်နိုင်ပါစေ။

ချစ်သားသမီးများ-

ဒေါ်ခင်နွေဦး
(ညွှန်ကြားရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)
ဒေါက်တာဇော်လှိုင်တိုး
(သမားတော်ကြီး-ဖျာပုံပြည်သူ့ဆေးရုံကြီး)-ဒေါ်စောနန်းမော်
ဦးဇော်ဇော်အောင်-ဒေါ်ဝါဝါမြင့်
ဒေါ်သူဇာနွယ်
(လက်ထောက်ကထိက၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း)
ဦးကျော်ခိုင်စိုး-ဒေါ်စုစုချော
ဒေါ်အိအိခိုင် (M.I.Sc, M.Dev.S)

ချစ်မြေးများ-

မအဉ္ဇလီမော်၊ မောင်မင်းသန့်ကျော်၊ မောင်မင်းခန့်ကျော်၊
မောင်သီဟသော်ဇင်၊ မပီတိခင်၊ မောင်ထူးမြတ်မောင်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်(၁)ရပ်ကွက်၊ ဇေယျာသိဒ္ဓိ(၂)လမ်း၊ အမှတ်(၄၄)ဟုခေါ်တွင်သောမြေကွက်အား ဒေါ်စရီးဂျာမှ တရားဝင်ပိုင်ဆိုင်ထားပြီး ယခုအခါ အဆိုပါမြေကွက်ပေါ်ရှိ အဆောက်အအုံအား ဖြိုဖျက်၍ ကန်ထရိုက်စနစ်ဖြင့် တိုက်သစ်တစ်လုံးဆောက်လုပ်ရန် ၉-၉-၂၀၁၂ ရက်က ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ကန်ထရိုက်တာတို့နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ကန်ထရိုက်တိုက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သောင်း	ဒေါ်မိုးမိုးခိုင်	ဒေါ်မြတ်အိဖြူ
(စဉ်-၄၀၄၄)	(စဉ်-၂၆၀၀၃)	(စဉ်-၂၉၈၃၁)

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အမှတ် (၂၀၃) သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

Job Vacancy (Local Only)

FrontEnd Developer (2) M/F
- B.C.Sc or equivalent
- Minimum software development experience: 2 years
- Expert knowledge of web technologies (HTML / CSS / JS / AJAX)
- Experience JavaScript libraries (e.g., jQuery, YUI , Closure , Socket.io).
- Experience with the latest and greatest web standards, including HTML5 and CSS3.
- Extremely detail oriented. Strives for pixel perfect implementation from designs
- Unmistakable passion for elegant and intuitive user interfaces
- Experience working on cross-browser platforms
- Solid understanding of the full web technology stack (e.g.HTTP, cookies, headers , asset loading / caching)

Plus
- Node.js, Apache , PHP , *NIX

BackendEnd Developer (6) / Architect (2) M/F
- B.C.Sc, M.C.Sc or equivalent
- Minimum software development experience: 2 years (Developer), 4 years (Architect)
- Strong computer science fundamentals: data structures, algorithms, Oo, and software design
- Demonstrable proficiency in one of the core programming languages (Java /.NET / C / C + +)
- Experience with web infrastructure and distributed systems
- Experience with software engineering best practices (e.g. unit testing, code reviews, design documentation)
- Ability to write well-abstracted, reusable code
- Passion for performance debugging and benchmarking
- Obsessed with performance and clean API

Plus
- Jetty , Memcached , Redis , AWS , Python

To apply please submit CV, a copy of labour registration card, a copy of previous job references, one copy of national registration card, one copy of education certificates and one passport photo to the following address within one month of this publication.

Royal Hexagon Co., Ltd
No.272,1003,10th Floor, Dhana Hlaing Tower, Pyay Road, Sanchaung T/S, Yangon , Myanmar.
Tel:951-516811, 959-5173899, 959-73226388
Email: royalhexagon@myanmar.com.mm , contact@frontiir.com
Website:www.frontiir.com

နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်အိမ်ရာလုပ်ငန်းများဆောင်ရွက်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) လုပ်ငန်းတည်နေရာ - ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်
(ခ) လုပ်ငန်း - ခြေတံရှည်ကျေးလက်အိမ်ရာအလုံး(၂၀၀)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၄-၁-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၁၃ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် ၄၂၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဤဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၀၃၉၊ ၀၆၇-၄၀၉၄၀၀၊ ၀၆၇-၄၀၉၃၅၅သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
ရုံးအမှတ် ၄၂၊ နေပြည်တော်

MDA ညီလာခံဂုဏ်ပြု
သွားနှင့်ခံတွင်းဆိုင်ရာ CDE ဆွေးနွေးပွဲ
TITLE 1. Make the Difficulties Simple in Dental Implant Practice
2. Dental Implant Surgery Live Show
SPEAKER- Dr Tony Chein Tang Chou (D.D.S., M.Sc)
SOLE SPONSOR - Smile Dentistry , Media Power Co., Ltd
Smile Dentistry Ph: 01-290398 , 09-73071725 (Free Registration)

နိုင်ငံတကာအားကစားသတင်း

အမှတ်ပြည့်ယူဖို့ လိုအပ်နေတဲ့ ဂျူဗင်တပ်စ်ရဲ့ပွဲစဉ် (၂၁)

မောင်မောင်မြင့်ဆွေ - ရေးသားသည်

စီးရီးအေပွဲစဉ် (၂၁)ကိုဇန်နဝါရီ ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီနှစ်အီတလီစီးရီးအေဖလားကို ဘယ်အသင်းရယူသွားနိုင်မလဲဆိုတာ ပြတ်သားတဲ့ရလဒ်နဲ့ ပုံဖော်မှုမရှိနိုင်သေးတဲ့အနေအထားမျိုးဖြစ်နေတာမို့ အသင်းတိုင်းရဲ့ ယှဉ်ပြိုင်မှုတွေက ပြင်းထန်နေဆဲပဲဖြစ်ပါတယ်။ ထိပ်ဆုံးက ဂျူဗင်တပ်စ်နဲ့ ဒုတိယနေရာက လာဇီယိုတို့ပွဲတူသုံးမှတ်သာ ကွာခြားနေတာမို့ အတိမ်းအစောင်းအမှားအယွင်းမခံတော့တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် စီးရီးအေပွဲစဉ်တိုင်းဟာ ရင်ခုန်လှိုက်မောဖွယ်တွေ ဖြစ်နေပြီး ပရိသတ်တွေအတွက် လက်မလွှတ်တမ်းအားပေးရမယ့်ပွဲစဉ်တွေ ဖြစ်နေပါတယ်။

ဂျူဗင်တပ်စ်နှင့် အူဒီးနိစ်

ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ ပါးမားကို တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့ ဂျူဗင်တပ်စ်ဟာ ဒီပွဲကိုအိမ်ကွင်းမှာ နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ ခြေစွမ်းပြနေတဲ့ လာဇီယိုရဲ့ ဖိအားပေးမှုတွေကြောင့် ဂျူဗင်တပ်စ်တို့ အမှားအယွင်းလုပ်လို့ မရတဲ့ အခြေအနေဖြစ်နေပါတယ်။ တန်းစီဇယားကို ထိပ်ဆုံးကဦးဆောင်လာတဲ့ ဂျူဗင်တပ်ဟာ ခြေစွမ်းယိုင်လာတာမို့ ရလဒ်တွေကောင်းဖို့ ပြန်လည်အားကုန်ထုတ်ရမှာဖြစ်တာကြောင့် ဒီပွဲမှာအိမ်ရှင်တို့ သုံးမှတ်အပြည့်ရယူဖို့ပဲ ကြိုးစားမှာဖြစ်ပါတယ်။ ဒါပေမယ့် အူဒီးနိစ်တို့က နောက်ဆုံးကစားခဲ့တဲ့ငါးပွဲစလုံးမှာ ရှုံးပွဲမရှိသေးတဲ့အပြင် တိုက်စစ်မှူး နာတာလီကလည်း ပွဲတိုင်းနီးပါး ဂိုးတွေသွင်းယူနေတာမို့ ဂျူဗင်တပ်စ်တို့ သတိထားရမှာဖြစ်ပါတယ်။ ဒီပွဲဟာ ဂျူဗင်တပ်စ်တို့အတွက် လူစုံထုတ် ခြေကုန်ထုတ်ရမယ့်ပွဲပါပဲ။

ပါလာမိုနှင့် လာဇီယို

ရလဒ်ကောင်းတွေ ဆက်တိုက်ရယူနေတဲ့ လာဇီယိုဟာ နိုင်ပွဲတွေနဲ့ အလှမ်းဝေးနေတဲ့ပါလာမိုကို အဝေးကွင်းဆိုပေမယ့် အနိုင်ရအောင် ကစားပါလိမ့်မယ်။ ဒီနှစ်စီးရီးအေဖလား သိမ်းပိုက်ရေး ရည်မှန်းချက်ထားရှိနေတဲ့ လာဇီယိုဟာ ပွဲတိုင်းအမှားအယွင်းမခံဘဲ ကြိုးစားမှာမို့ တိုက်စစ်မှူးကလိုဆေး၊ ဟာနာနက်ဇ်တို့ စွမ်းအားနဲ့ ပါလာမိုကို ကျော်ဖြတ်အနိုင်ယူ မှာဖြစ်ပါတယ်။ တိုက်စစ်စွမ်းအားကျဆင်းပြီး ခံစစ်စည်းရိုးကျိုးပေါက်နေတဲ့ ပါလာမိုဟာ ဒီပွဲမှာလည်း အမှတ်ရရှိဖို့ မျှော်လင့်ချက်မထားနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

ဖီအိုရင်းတီးနားနှင့် နာပိုလီ

ခြေစွမ်းတူညီပြီး ပြိုင်ဘက်ကောင်းတွေရဲ့ ထိပ်တိုက်တွေ့ဆုံမှုဖြစ်တာမို့ အကြိတ်အနယ်ရှိမယ့် ပွဲကောင်းပဲဖြစ်ပါတယ်။ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရာမှ ပြီးခဲ့တဲ့ပွဲမှာ ပါလာမိုကို သုံးဂိုးပြတ်သွင်းပြီး အနိုင်ယူထားတဲ့အတွက် နာပိုလီတို့ စိတ်ဓာတ်တက်ကြွနေပါတယ်။ နာပိုလီရဲ့ တိုက်စစ်မှူး ကာဗာနီဟာ ဒီနှစ်စီးရီးအေမှာ ၁၆ ဂိုးသွင်းပြီး ဂိုးအများဆုံးသွင်းယူနိုင်ထားသူဖြစ်တာမို့ အိမ်ရှင်ဖီအိုရင်းတီးနားတို့ သတိထားရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဖီအိုရင်းတီးနားမှာလည်း ဂျိုဗီတစ်တို့လို တိုက်စစ်မှူးကောင်းတွေရှိတာမို့ နှစ်သင်းစလုံး ကစားအားမချစတမ်း ယှဉ်ပြိုင်ရမယ့်ပွဲပါပဲ။

ရိုးမားနှင့် အင်တာမီလန်

နှစ်သင်းစလုံးအတွက် အပြန်အလှန်အခက်အခဲတွေ့စေမယ့်ပွဲ ဖြစ်ပါတယ်။ ခြေစွမ်းအတက်အကျမမှန်တဲ့ အင်တာမီလန်ဟာ အိမ်ကွင်းမှာ ပြိုင်ဘက်အသင်းတွေခန့်မှန်းရခက်တဲ့ ရိုးမားရဲ့အားထုတ်မှုအပေါ် စိုးရိမ်ပူပန်မှုဖြစ်စရာတော့ အမှန်ပါပဲ။ အင်တာမီလန်ရဲ့ အားကိုးစရာတိုက်စစ်မှူး မီလီတိုက တွန်းတွန်းတိုက်တိုက်နဲ့ ဂိုးသွင်းနိုင်သလို ရိုးမားမှာလည်း လာမီလာ၊ အိုစဗာဒိုတို့လို ဂိုးသွင်းသေချာသူတွေရှိနေပါတယ်။ ရိုးမားရဲ့ အားနည်းချက်က ခံစစ်ကြောင်းဖြစ်တာမို့ အင်တာမီလန်တိုက်စစ်မှူးတွေ ဘယ်လိုဖြတ်ကျော်အခွင့်ရေးယူနိုင်မလဲ ကြည့်ရမှာပါ။

အေစီမီလန်နှင့် ဘိုလော့နာ

ဒီနှစ်စီးရီးအေမှာ ခြေစွမ်းမတည်ငြိမ်လို့ ပွဲတိုင်းရုန်းကန်နေရတဲ့ အိမ်ရှင်အေစီမီလန်ဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ သရေပွဲဖြစ်ထားတာမို့ အခုပွဲမှာတော့ အိမ်ကွင်းဖြစ်လို့ အနိုင်ရဖို့ ကြိုးစားပါလိမ့်မယ်။ အမှတ်လိုအပ်တဲ့ အေစီမီလန်ဟာ ဘိုလော့နာကို အနိုင်ကစားဖို့ဆိုရင် တိုက်စစ်မှူး ဂီလာဒီနိုကို ထိန်းချုပ်မှရပါလိမ့်မယ်။ ဘိုလော့နာတို့ကလည်း တန်းဆင်းဇုန်က ဝေးအောင်ရုန်းကန်မှာမို့ အေစီမီလန်တို့ အလေးအနက်ထားပြီး ဗျူဟာခင်းကျင်းမှ ရပါလိမ့်မယ်။

ချေယေးဗိုနှင့် ပါးမား

ချေယေးဗိုတို့ ဒီပွဲကို အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ နှစ်သင်းစလုံးတိုက်စစ်ပိုင်းကွာဟမှုမရှိပေမယ့် ခံစစ်ပိုင်းမှာ ပါးမားတို့က အားသာမှုရှိနေပါတယ်။ ချေယေးဗိုဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘိုလော့နာကို လေးဂိုးပြတ်ရှုံးထားတာမို့ စိတ်ဓာတ်ကျဆင်းနေပေမယ့် ပါးမားတို့က ဂျူဗင်တပ်စ်ကို သရေကစားနိုင်ခဲ့လို့ စိတ်ဓာတ်တက်ကြွနေပါတယ်။ ဒီပွဲဟာ နှစ်ဖက်ပရိသတ်တွေကို နှစ်သိမ့်မှုဖြစ်စေပြီး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ကြမယ့် ပွဲဖြစ်ပါတယ်။

ဆီနာနှင့် ဆမ်ဒိုးရီးယား

ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဆီနာဟာ ဆမ်ဒိုးရီးယားနဲ့ပွဲမှာလည်း အမှတ်ရဖို့ ခက်ခဲနေပါဦးမယ်။ ဆီနာရဲ့ တိုက်စစ်ပိုင်း အားနည်းမှုတွေကြောင့် ရလဒ်ပိုင်းဆိုးရွားနေမှုကို မပြင်ဆင်ရင်တော့ ဧည့်သည်ဆမ်ဒိုးရီးယားကို ခုခံဖို့ အကျပ်အတည်းတွေ့နေဦးမှာ ဖြစ်ပါတယ်။ ဆမ်ဒိုးရီးယားတို့ တန်းဆင်းဇုန်နားက အဝေးဆုံးရောက်ဖို့အတွက် ဒီပွဲမှာ အားထုတ်ပြီး ရလဒ်ကောင်းအောင် ကြိုးစားပါလိမ့်မယ်။ ။

အားကစားသတင်း အတိုအထွာ

❑ မန်စီးတီးသည် နောက်ခံလူ ကွန်ပနေ အနီကတ်ပြခံရပြီး ပွဲပယ်ပြစ်ဒဏ်ခံရမှုမှလွတ်မြောက်ရန် ကြိုးစားသွားမည်ဟု နည်းပြမန်စီနီက ထုတ်ဖော်ပြောကြားသည်။

❑ ဘာစီလိုနာအသင်းမှ အသက် ၃၁နှစ်အရွယ်ရှိ ဂိုးသမား ဗာလ်ဒက်စ်အား လီဗာပူးက စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။

❑ ရီနက်စ်ကွင်းလယ်ကစားသမား အသက် ၂၄ နှစ်အရွယ်ရှိ အမ်ဗီလာအား ကျူပီအာအသင်းနည်းပြ ရက်နက်က ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းဖြင့် စာချုပ်လိုက်ပြီဖြစ်သည်။

❑ ဝက်စ်ဘရွန်းအသင်းမှ နိုင်ဂျီးရီးယားတိုက်စစ်မှူး အိုဒမ်ဝင်ဂီအား ကျူပီအာကခေါ်ယူရန်ကြိုးစားနေပြီး ပြောင်းရွှေ့ကြေး ပေါင်ခြောက်သန်းပေးမည်ဟု ဈေးပေးထားသည်။

❑ မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်က အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာသို့ သွားရောက်မည်မဟုတ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

❑ နယူးကာဆယ်နည်းပြ အလန်ပါဒူးသည် တိုက်စစ်မှူး ကိုလိုစီနီအား ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

❑ လာမည့်နွေရာသီတွင် အင်္ဂလန်ပရီမီယာလိဂ်သို့ တစ်ကျော့ပြန် သွားရောက်နည်းပြတာဝန်ဆောင်ရဖွယ်ဖြစ်လာနိုင်ကြောင်း ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက ထုတ်ဖော်ပြောကြားသည်။

❑ ဆဲလ်တစ်နည်းပြဟောင်း အသက် ၅၅ နှစ်အရွယ်ရှိ ဂေါ်ဒွန်စထရာချန်သည် စကော့တလန်အသင်းနည်းပြအဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ မန်ယူအသင်းသည် လီဗာပူးကို အနိုင်ကစားခဲ့ခြင်းကြောင့် ပရီမီယာလိဂ်ဖလားရယူရေးမှာ နီးစပ်သွားပြီဖြစ်ကြောင်း လီဗာပူးကွင်းလယ်တိုက်စစ်မှူး ဆွာရက်ဇ်က ထုတ်ဖော်ပြောကြားသည်။

❑ နော်ဝေနောက်ခံကစားသမား ဖော်ရန်အား ဆောက်သမ်ပတန်နှင့် ရက်ဒင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

မောင်ချစ်ကြည် - စုစည်းသည်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မော်မင်း ၁၂/ဗဟန(နိုင်)၀၉၉၅၀၁၏ ပတ်စ်ပို့နံပါတ် AOO 4399 မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။
ဖုန်း-၀၁-၅၄၉၄၈၀

[illegible]

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက် (အနောက်ခြမ်း)၊ အမှတ် (L/၈)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်အေး ၁၂/မဘန(နိုင်)၀၇၄၂၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်တင်တင်အေး၏သမီး မနီနီထွေး ၁၂/မဘန(နိုင်)၀၈၀၇၃၅သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘ၊ ညီအစ်ကိုမောင်နှမများအား ဂုဏ်သိက္ခာကျဆင်း၊ အရှက်ရစေသည့် ကိစ္စရပ်များကို ပြုလုပ်ပြီး မိမိသဘောအလျောက် နေအိမ်မှဆင်းသွားသည့်အတွက် ၎င်းအား သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မနီနီထွေးနှင့်ပတ်သက်သည့်ကိစ္စရပ်များကို မိဘ၊ ညီအစ်ကို၊ မောင်နှမများက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သူဇာလွင် (LL.B,D.B.L.)
အထက်တန်းရှေ့နေ (စဉ်-၂၅၇၇)
အမှတ် ၁၃၊ ဉာဏလမ်း၊ ဧကရာဇ်ရပ်ကွက်၊
ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၄၁၃၈၁၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အဆောက်အအုံအသစ်များတည်ဆောက်နေခြင်းနှင့်ပတ်သက်၍ နှိုးဆော်စာ

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ၁၉၉၈ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ် သတ်မှတ်ထားရှိပါသည်။ အဆိုပါ ဧရိယာအတွင်း၌ ရှေးဟောင်းအဆောက်အအုံများတည်ရှိခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်းကြောင့် ၁၉၉၉ခုနှစ်ကပင် ဥပဒေအရ ဇုန်သတ်မှတ်၍ မည်သည့်တည်ဆောက်မှုမျိုးကိုမျှ ခွင့်မပြုဘဲ ကန့်သတ်ထိန်းသိမ်းထားသော နေရာဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိန်းသိမ်းရေးဥပဒေအရ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာ ဇုန်အတွင်းတွင် အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းတို့ ဆောင်ရွက်လိုပါက ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရန် ဖော်ပြထားပြီး နည်းဥပဒေပုဒ်မ (၁၈)တွင်လည်း လျှောက်ထားရမည့်ပုံစံများ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

ယာမြေကိုဆောင်ရွက်ရန် ပိုင်ရှင်ရှိသူများအနေဖြင့်လည်း အဆောက်အအုံ ဆောက်လုပ်လိုပါက လယ်ယာမြေမှအပ အခြားနည်းဖြင့် အသုံးပြုခွင့်ကို သက်ဆိုင်ရာ မြို့ပြစီမံအုပ်ချုပ်ရေးအဖွဲ့များထံတွင် ခွင့်တောင်းပြီးမှသာ ဆောက်လုပ်သင့်ကြောင်းလည်း တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ခေတ်အချိန်အခါသည် ဒီမိုကရေစီအခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးရေးစံများဖြင့် နိုင်ငံတော် ရှေ့ခရီးချီတက်တည်ဆောက်နေသည့်အလျောက် ပုဂံ၊ ညောင်ဦး ယဉ်ကျေးမှုဇုန်အတွင်း အဆောက်အအုံတည်ဆောက်လိုသူ မည်သူမဆို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစံနှုန်းများ၊ တရားဥပဒေစိုးမိုးရေးစံနှုန်းများဖြင့် လိုက်နာဆောင်ရွက်သွားကြရန် အသိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊
ယဉ်ကျေးမှုဝန်ကြီးဌာန

ယခင်အလက(၃)၊ ၈ရပ်ကွက်၊ သာကေတမြို့နယ်၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် ပြည်ထောင်စုနေ့(အင်္ဂါနေ့) နံနက် ၈နာရီတွင် အလင်းရောင်ကျောင်းတိုက်၊ ၁၀၈ တောင်ဘုရားလမ်း၊ ၁၀ ရပ်ကွက်၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၀၃၈၉၅၊ ဦးမြစိန် ဖုန်း-၀၉-၄၉၂၆၃၈၇၅၊ ဒေါ်တင်တင်အေး ဖုန်း-၅၄၇၀၇၂၊ ဒေါ်အေးအေးသိန်း ဖုန်း-၀၉-၄၂၁၀၀၄၅၈၉၊ ဒေါ်လှမြင့်အေး ဖုန်း-၀၉-၇၃၄၉၂၅၃၄၊ ဒေါ်သန်းသန်းဝေ ဖုန်း-၄၂၀၁၇၄၆၉၉၊ ဒေါ်နုနုလှိုင် ဖုန်း-၀၉-၅၁၇၁၃၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်

တရုတ်စကားပြန် အမျိုးသမီးတစ်ဦး၊ ရက်ရှည်ခရီးထွက်နိုင်ရမည်။
ဖုန်း-၀၉-၄၂၀၂၈၀၅၆၊
၀၁-၉၀၀၀၀၇၅

Au, Ag, Pt, Os, Ir, Ru, Rh,Pd, Sn နှင့် ပတ်သက်တဲ့
အသုံးအဆောင် ပစ္စည်းဟောင်းများ၊ စွန့်ပစ်ပစ္စည်းများ၊
ကုန်ကြမ်းပစ္စည်းဟောင်းများ ဝယ်လိုပါသည်။
ဆက်သွယ်ရန်-ဖုန်း-၀၉-၈၆၃၂၃၀၀

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဝင်းသိန်း၏သား မောင်မျိုးဇော်(ခ) မောင်မြို့ဇော် ၉/ညဥန(နိုင်)၁၄၂၁၉၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
မောင်မျိုးဇော်(ခ)မောင်မြို့ဇော်

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

စီးပွားရေးနှင့်ဈေးကွက်

မြေပဲဆီဈေး စားအုန်းဆီဈေးထက် သုံးဆခန့်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

ဇန်နဝါရီ ၁၄ ရက် ရန်ကုန် ကုန်စည်ဒိုင်ဈေးကွက်တွင် ကြက်သွန်နီ ကုန်တင်ယာဉ်အစီးရေ ဝင်ရောက်မှုသည် ၂၀၁၃ ခုနှစ်အတွင်းသာမက ၂၀၁၀ ဝန်းကျင်နှစ်ပိုင်းများအတွင်း အများဆုံးဖြစ်ပြီး ဈေးနှုန်းများလည်း တစ်ပိဿာလျှင် ငွေကျပ် ရာချီကျနေသည်ဟု သိရသည်။

၂၀၁၃ ဇန်နဝါရီ ၁၄ ရက်တွင် ကြက်သွန်နီ ကုန်တင်ယာဉ်အစီးရေ ၁၂၀၊ ပိဿာချိန် ၇၂၀၀၀၀ ဝင်ရောက်လာပြီး ဆိပ်ဖြူအမျိုးအစား တစ်ပိဿာလျှင် ငွေကျပ် ၃၀၀-၅၅၀-၆၀၀-၆၅၀ နှုန်းရှိကြောင်း သိရသည်။ မြစ်သားကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀-၈၀၀-၈၅၀ နှုန်း၊ တောင်တွင်းအမျိုးအစား တစ်ပိဿာ ငွေကျပ် ၃၀၀-၅၀၀-၆၀၀ နှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်ကြရာ တစ်ပတ်အတွင်း ဆိပ်ဖြူ တစ်ပိဿာ ငွေ ၁၂၅ ကျပ်၊ မြစ်သား ကြက်သွန်နီ ငွေကျပ် ၂၀၀ ဈေးကျဆင်းကြောင်း သိရသည်။

ယခင်နှစ် ၂၀၁၂ နွေကာလတွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီကားစီးရေ ၉၈ စီး ပိဿာချိန် ၅၈၈၀၀၀ ဝင်ရောက်ခြင်းသည် အများဆုံးဖြစ်ရာ ယနေ့ ဝင်ရောက်သော ကြက်သွန်နီ ပိဿာချိန်သည် စံချိန်တင်သည်ဟု ဆိုနိုင်ကြောင်း ကုန်သည်များက ဆိုသည်။ ကြက်သွန်နီ အဝင်များပြီး ဝယ်လိုအားပုံမှန်သာရှိသဖြင့် ဈေးကျလာခြင်းဖြစ်သည်ဟု သိရသည်။

ဇန်နဝါရီ ၁၁ ရက်တွင် စားအုန်းဆီ ပြည်ပဈေးနှုန်း FOB မလေးရှား တစ်တန်လျှင် ၈၁၅ ဒေါ်လာ၊ ပြည်တွင်း ငွေလဲနှုန်း ၈၆၄ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ ၁၃၇၇ ကျပ်သာရှိပြီး တစ်ပတ်အတွင်း FOB ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၂၀၊ အရင်းဈေး တစ်ပိဿာ ၂၄ ကျပ် ကျဆင်းကြောင်း သိရသည်။

ကျဆင်း

ပြည်တွင်းဈေးကွက်တွင်မူ ဇန်နဝါရီ ၇ ရက်တွင် လက်ကား တစ်ပိဿာ ၁၃၇၅ ကျပ်နှုန်း၊ ဇန်နဝါရီ ၁၄ ရက်တွင် တစ်ပိဿာ ၁၃၆၅ ကျပ်နှုန်းရှိကြောင်း၊ ပြည်တွင်း စားအုန်းဆီရောင်းဈေးနှုန်းသည် ပြည်ပဈေးနှုန်း အောက်သို့ကျဆင်းနေကြောင်း သိရသည်။

သုံးဆခန့်ရှိ

မြေပဲဆီ လက်ကားရောင်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် နှစ်လဝန်းကျင်ဈေးငြိမ်နေရာမှ ဇန်နဝါရီ ဒုတိယပတ်အတွင်း တစ်ပိဿာလျှင် ငွေကျပ် ၃၉၀၀ နှုန်းသို့ ကျဆင်းလာကြောင်း မြေပဲဆီဈေးနှုန်းသည် စားအုန်းဆီဈေးနှုန်း၏ သုံးဆခန့်ရှိနေသေးသည်ဟု သိရသည်။

ဈေးကွက်အတွင်းသို့ တစ်ပိဿာ ငွေကျပ် ၇၀၀ ဖြင့် စတင်ဝင်ရောက်လာသော မန်ကျည်းဒါးဇင်း အသစ်သည် တစ်လမပြည့်မီကာလအတွင်း တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဈေးကျလာရာ ဇန်နဝါရီ ၁၄ရက်တွင် တစ်ပိဿာ ငွေကျပ် ၆၀၀ နှုန်းဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။ မန်ကျည်းပွင့်ကပ် အသစ်မှာ တစ်ပိဿာငွေကျပ် ၈၀၀နှုန်း ရှိကြောင်း သိရသည်။

(ခင်ဆိုင်)

ရှမ်းကြက်သွန်ဖြူ ဈေးနှုန်းမြင့်တက် အောင်ပန်းအာလူးဈေးလျော့

ရန်ကုန် ဇန်နဝါရီ ၁၅

ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက် ဇန်နဝါရီ ၁၁ ရက်၊ (သောကြာနေ့)တွင် ရှမ်းကြက်သွန်ဖြူ ထူး ၁ အမျိုးအစား တစ်ပိဿာ ကျပ် ၆၀၀၊ ထူး ၂ အမျိုးအစား ကျပ် ၇၀၀၊ ထူး ၃ အမျိုးအစား ကျပ် ၉၀၀ ကျပ်၊ ထူး ၄ အမျိုးအစား ကျပ် ၁၀၅၀ နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် ထူး ၁ အမျိုးအစား တစ်ပိဿာ ၂၇၅၊ ထူး ၄ အမျိုးအစား ၈၇၅ ကျပ်နှုန်းဖြင့် ရှိရာမှ ဇန်နဝါရီလဆန်းတွင် ထူး ၁ တစ် ပိဿာ ကျပ် ၄၅၀၊ ထူး ၄ တစ်ပိဿာ ကျပ် ၉၅၀ ဝန်းကျင်ဖြင့် ဒိုင်ဖွင့်ရက် ၁၀ ရက်ကျော်အတွင်းရှိနေကြောင်း၊ ယခုနှစ်အတွင်း ရှမ်းကြက်သွန်ဖြူများ ဈေးနှုန်း အေးနေရာ တောင်ပေါ်တွင် ရှမ်းကြက်သွန်ဖြူ လက်ကျန် ဆယ်သိန်းဝန်းကျင် ရှိနေပါကြောင်း၊ ဖေဖော်ဝါရီလအတွင်း ရှမ်းကြက်သွန်ဖြူ အသစ်များတူးဖော်ပြီး ဈေးကွက်သို့ဝင်ရောက်မည်ဖြစ်ရာ ဈေးကွက်အတွင်း တစ်ဖက်နယ်စပ်မှအဝယ်လိုက်လာသည်။ ရှမ်းကြက်သွန်ဖြူအသစ်များ မတူးဖော်မီ မြေကြီးထဲတွင်ရှိစဉ် တစ်ပိဿာလျှင် တစ်ထောင်ကျော်ဈေးနှုန်း ပေးဝယ်သည် ဆိုသော ဈေးကွက်သတင်း စကားအရ ဈေးကွက်အတွင်းရှိ ရှမ်းကြက်သွန်ဖြူ အဟောင်းများကို ရသလောက် ရန်ကုန်တွင် ဝယ်ယူမှုရှိသည့်အတွက် ယခုကဲ့သို့ ဈေးနှုန်းတက်လာရသည်ဟု နယ်ပို့ အဝယ်တော်များမှဆိုသည်။

အဆိုပါသတင်းစကား မှန်-မမှန် ဈေးကွက်တွင် ရက်ပိုင်းအတွင်းသိသာနိုင်ကြောင်း၊ အဆိုပါသတင်းကြောင့် ဈေးကွက်အတွင်း ပစ္စည်းအဝယ်အလိုက်၊ ဈေးတက်၊ နယ်မှအပို့များလာခြင်းဖြင့် လျှောင်ကြက်သွန်ဖြူ(ရှမ်း)များ လက်ကျန် နည်းလာမည်ဖြစ်ကြောင်း၊ ယခုရက်ပိုင်း အအေးဓာတ်ပိုလာသဖြင့် ဆောင်းရာသီတွင် ဆောင်းလေကြောင့် ရှမ်းကြက်သွန်ဖြူများ အလေးချိန်လျော့တတ်သည့် သဘာဝ ရှိကြောင်း၊ ကြက်သွန်ဖြူ ကုန်သည်တစ်ဦးကဆိုပါသည်။ ရှမ်းကြက်သွန်ဖြူ ဈေးမြင့်တက်လာသော်လည်း အောင်ပန်းအာလူး ဈေးများမှာ ဒိုင်ဖွင့်ဈေးနှုန်းထက် ဈေးကွက်တွင် ဈေးလျှော့ရောင်းပေးနေသည်ဟု နယ်ပို့အဝယ်တော်များက ဆိုပါသည်။ ဇန်နဝါရီ ၂ ရက်တွင် အောင်ပန်းအာလူး တစ်ပိဿာလျှင် ငွေကျပ် ၄၄၀-၅၀၀-၅၁၀ နှုန်းရှိသော်လည်း ဇန်နဝါရီ ၁၁ ရက်၊ (သောကြာနေ့)တွင် တစ်ပိဿာ ငွေကျပ် ၄၃၀-၄၇၀-နှုန်းရှိကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းများတွင် ဖော်ပြထားသည်ဟု သိရသည်။ သို့သော်ဈေးကွက်တွင် တစ်ပိဿာ ငွေကျပ် ၄၂၀-၄၃၀-၄၅၀ နှုန်းဖြင့်သာ အရောင်းအဝယ်ပြုလုပ်ကြောင်း သိရသည်။ ဆင်ဖြူကျွန်း ငရုတ်ပွ အသစ်များ တစ်ပိဿာ ကျပ် ၆၀၀၀-၆၅၀၀ နှုန်းဖြင့် ဒီဇင်ဘာလ တတိယပတ်တွင် ရှိခဲ့ပြီး လကုန်တွင် တစ်ပိဿာ ငွေကျပ် ၄၂၀၀-၄၄၀၀ သာရှိကြောင်း၊ ယခုရက်ပိုင်းတွင် ဈေးပြန်တက်လာရာ ဆင်ဖြူကျွန်း ငရုတ်ပွအသစ် တစ်ပိဿာကျပ် ၅၈၀၀-၆၀၀၀ ကျပ်နှုန်းသို့ပြန်လည်မြင့်တက် လာမှုရှိကြောင်း သိရ၍ ဆင်ဖြူကျွန်း ငရုတ်ပွ အတက်-အကျ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ကျော်ရှိနေသည်ဟု သိရသည်။

(ခင်ဆိုင်)

စစ်တက္ကသိုလ်အမှတ်စဉ်(၄၅) မှ သူငယ်ချင်းများ

ကျောင်းဆင်းနှစ်ပတ်လည် (၁၀)နှစ်ပြည့် မိတ်ဆုံစားပွဲအား ၁၉-၁-၂၀၁၃ရက် ၁၉း၀၀နာရီတွင် M-3 Food Center ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိသားစုနှင့်အတူတကွ ကြွရောက်ကြပါရန်။

ဆက်သွယ်ရန် - မျိုးမောင်မောင် ဖုန်း-၀၉-၄၉၂၂၂၃၄
- ကျော်ကျော်လင်း ဖုန်း-၀၉-၅၀၂၈၉၁၈

မွေးနေ့ဆုမွန်လွှာ

ချစ်ခင်ပွန်း၊ ချစ်ဖေဖေ ဗိုလ်မှူးအောင်နိုင်ဦးရဲ့ ၁၆-၁-၂၀၁၃ရက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် အောင်မြင်ခြင်းများစွာကို ချစ်သောမိသားစုနဲ့အတူ ပိုင်ဆိုင်နိုင်ပါစေ။

ချစ်ဇနီး - ဗိုလ်ကြီး မြင့်မြင့်သန်း
ချစ်သား - မောင်ထက်ရဲရင့်
ချစ်သမီး - မကုဋ္ဌေထက်ခိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
စာရင်းစစ်ရာထူးနေရာများ ရွေးချယ်ခန့်ထားခြင်း

၁။ ဤရုံးတွင် စာရင်းစစ်လစာနှုန်း (ကျပ် ၅၃၀၀၀-၁၀၀၀-၅၈၀၀၀) ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခဲ့ပြီး ခန့်အပ်ရန်ကျန်ရှိသူများမှ သတ်မှတ်ရက်အတွင်း အလုပ်ဝင်ရောက်ထမ်းဆောင်ရန် ဆန္ဒရှိကြောင်း သတင်းပေးပို့သူများမှ ၂၂၈ဦးအား ခန့်ထားရန် ရွေးချယ်ထားပါသည်။
၂။ ယင်းခန့်အပ်ရန် ရွေးချယ်ထားမှုကို ဤရုံး၏ www. oagmac.gov.mm Website တွင် ကြည့်ရှုနိုင်ပြီး ဤရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။
၃။ ရွေးချယ်ခံရသူများသည် ၁၀ရက်အတွင်း ရရှိထားသော ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်(မူရင်း)၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံစာ(မူရင်း)တို့ကို တစ်ပါတည်းယူဆောင်၍ အောက်ပါလိပ်စာသို့ ၃၁-၁-၂၀၁၃ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ လာရောက်ဆက်သွယ် သတင်းပို့ကြရန် အသိပေးအကြောင်းကြားပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ရုံးအမှတ် ၁၂၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၇၂၈၈

ပျောက်ဆုံးခြင်း

ကျွန်တော်ဦးအောင်မိုး နိုင်ငံကူးလက်မှတ် A-၃၂၁၃၅၈သည် ၁၂-၁-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၄၂၀၀၁၆၁၂၁၊ ၀၉-၅၀၃၇၂၂၂

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် ၆၂^က၊ ဧရိယာ ၀ဒသမ၁၀၀ဧကေရှိ ဦးဘိုသောင်း(ခ)သိန်းအောင်၊ ဒေါ်မွေးမာ အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား အမည် ဦးဘိုသောင်း(ခ)သိန်းအောင်၊ ဒေါ်မွေးမာ ၉/တကန(နိုင်)၁၀၃၄၇၁၊ ၉/တကန(နိုင်)၀၀၃၈၇၄ အဖအမည် ဦးကြည်လင်ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး စွန့်လွှတ်စာချုပ်ရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
နေပြည်တော် ခုတင်-၁၀၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ခုတင်-၁၀၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် လူနာများအတွက် ဆေးဝါးပစ္စည်းဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရရှိမည့်ရက် - ၁၆-၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၂၃-၁-၂၀၁၃ရက်၊ ညနေ ၄နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
နေပြည်တော် ခုတင်-၁၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး

၃-၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(ခ)နှင့် ၅-၁-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (ဃ)ပါ (၁)ဦးဘိုဘိုကျော်လင်း၊ (၂)ဦးသိန်းရွှေ၊ (၃) ဦးစိုးသန်း [ကာလားဘတ်(စ်)တီ စွန္တိဂျာမေဗလီကြီး၏ စီမံခန့်ခွဲရှိသူ အုပ်ချုပ်ရေးဂေါပက]၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးမြင့်လွင် (စဉ်-၂၃၄၂၀)၏ သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးတားမြစ်ချက် ခေါင်းစဉ်ပါ ကြေညာချက်အား တုံ့ပြန်ရှင်လင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉ လမ်း၊ အမှတ် ၂၀၁/၂၀၃နေ ဂန္ဓမာဆောက်လုပ်ရေး (လိုင်စင်အမှတ်-၁၇) ဦးဘခင် ၁၂/မဂတ(နိုင်)၀၇၉၉၅၄၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် တုံ့ပြန်ရှင်းလင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြယာကုန်းလမ်း၊ အမှတ် ၁၀၅/၁၀၇ဟုခေါ်တွင်သော လေးခန်းတွဲ၊ နှစ်ထပ် အဆောက်အအုံဟောင်းအား အန္တရာယ်ရှိအဆောက်အအုံများ စစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က အန္တရာယ်ရှိ အဆောက်အအုံအဖြစ်သတ်မှတ်ကြောင်း ၂၀-၈-၂၀၁၁ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆တွင် ကြေညာချက်ထည့်သွင်းခဲ့ပါသည်။ အဆိုပါ ကြေးမုံသတင်းစာကြေညာချက်တွင် မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ သည် ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လပြည့်သည့်နေ့ နောက်ဆုံးထားကန့်ကွက်နိုင်ကြောင်း ဖော်ပြပါရှိပါသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က ၄-၉-၂၀၁၂ရက်တွင် ဖော်ပြပါ အမှတ် ၁၀၅/၁၀၇၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်ဟောင်းအပါအဝင် အန္တရာယ်ရှိအဆောက်အအုံ ၁၀လုံးအား ဖြိုဖျက်၍ အသစ်ပြန်လည်တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကြီးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဆယ်ထပ်ရုံး၊ ခြောက်လွှာ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အဆိုပါအမှတ် ၁၀၅/၁၀၇၊ မြယာကုန်းလမ်းတွင် နှစ်ခန်းတွဲ ၈½ထပ် တိုက်သစ်တည်ဆောက်ကာလကို (၁၄)လ ၄-၁၁-၂၀၁၂ရက်မှ ၃-၁-၂၀၁၄ရက်အထိ သတ်မှတ်၍ ဌာနက အတည်ပြုပုံစံအတိုင်းဆောက်လုပ်ရန် အစည်းအဝေးဆုံးဖြတ်ခဲ့ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူးရှေ့မှောက်၌ အိမ်ရှင်အဖြစ် အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ကန်ထရိုက်တာအဖြစ် ဦးဘခင် (လိုင်စင်အမှတ်-၁၇)နှင့် မူလနေထိုင်သူ ရှစ်ဦးတို့ ဖျက်သိမ်းဆောက်လုပ်မည့် အန္တရာယ်ရှိအဆောက်အအုံအား အသစ်ပြန်လည်ဆောက်လုပ်ခြင်းအတွက် အိမ်ရှင်၊ နေထိုင်သူနှင့် ကန်ထရိုက်တာတို့ လိုက်နာရမည့်စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က ၁၉-၁၂-၂၀၁၂ရက်စွဲပါ စာအမှတ် ၈၃၉၉/ပြင်ပ/ စည်ပင်-ယာ/အုံ(စီမံချက်)ဖြင့် "မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြယာကုန်းလမ်း၊ အမှတ် ၁၀၅/၁၀၇ ရှိ အဆောက်အအုံကို ၂၀-၈-၂၀၁၁ ရက်တွင် အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ပြီးဖြစ်ခြင်း၊ နေထိုင်သူများအားလုံး ပြောင်းရွှေ့ဖယ်ရှားပြီးဖြစ်သော်လည်း အဆောက်အအုံသည် အချိန်မရွေး ပြိုကျပျက်စီးမှုဖြစ်ပေါ်နိုင်ခြင်း၊ ဘေးပတ်ဝန်းကျင်တို့အား ထိခိုက်မှုဖြစ်စေနိုင်ခြင်းတို့ကြောင့် လိုင်စင်ရအင်ဂျင်နီယာ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဤစာရသည့်ရက်မှ ဆောလျင်စွာ ဖျက်သိမ်းရန်" ဂန္ဓမာဆောက်လုပ်ရေး ကန်ထရိုက်တာ ဦးဘခင်ထံသို့ အကြောင်းကြားစာပေးပို့ခဲ့သဖြင့် ယာယီအိမ်ရှင်ဖြစ်သူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ဗလီဂေါပကအဖွဲ့အနေဖြင့် အမည်ပေါက်ရရှိသည့်ရက်တွင် ယာယီအိမ်ရှင်ဖြစ်သူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က ထိန်းသိမ်းထားသည့် မြေရှင်ရပိုင်ခွင့်ရှိသည့် တိုက်ခန်းများကို လွှဲပြောင်းလက်ခံရယူနိုင်သည့် အခွင့်အရေး အပြည့်အဝရှိပြီးဖြစ်ပါသည်။ ဗလီဂေါပကအဖွဲ့နှင့် အိုးရှင်းစတားဆောက်လုပ်ရေးအဖွဲ့တို့ သဘောတူစာချုပ်ချုပ်ဆိုသည့်ကိစ္စနှင့် အမည်ပြောင်းခြင်းကိစ္စရပ်များမှာ ကန်ထရိုက်တာ ဦးဘခင်နှင့် သက်ဆိုင်ခြင်းမရှိသဖြင့် လိုက်နာရန်အကြောင်းမရှိပါကြောင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၇၃)
ဒေါ်လွင်မာ (စဉ်-၂၅၆၃၈)၊ ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉)
ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄)၊ ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)၊ ဒေါ်လှဲ့လှဲ့ဝင်း(စဉ်-၃၉၈၈၀)
အထက်တန်းရှေ့နေများ
အမှတ် ၅၅၊ ဒုတိယထပ်၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာ

တက္ကသိုလ်ဝင်စာမေးပွဲမှာ စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြပါမယ်။ စိတ်ကြိုက်မြန်မာစာဘာသာရပ်ဟာ အဆင့်မြင့်မြန်မာစာ လေ့လာနိုင်ရေးအတွက် လမ်းခင်းပေးနိုင်တဲ့ ဘာသာရပ် ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ယူသူများဟာ မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်ပါတယ်။ မြန်မာစာပေ စကားပြေ၊ ကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်တွေကို သိလာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံတွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။

ဒီလိုအကျိုးသက်ရောက်မှုနက်ရှိုင်းတဲ့ စိတ်ကြိုက်မြန်မာစာမှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းဆိုတဲ့ စာအုပ်(၄)အုပ် ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် မှတ်သားသိရှိသင့်တာတွေကို ဆွေးနွေးပို့ချပါမယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ မေးခွန်းကြီး(၄)ပုဒ် မေးပါမယ်။

မေးခွန်း(၁)မှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်ကို မေးမှာဖြစ်တယ်။ မြန်မာဝတ္ထုတိုမှာ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ (၁၁)ဦးရဲ့ ဝတ္ထုတို (၁၁)ပုဒ်နဲ့ ပြဇာတ် (၃)ပုဒ်ကို လေ့လာရမှာ ဖြစ်တယ်။ ဝတ္ထုတိုဆိုတာ လူအကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေဖြစ်တယ်။ ဝတ္ထုတိုဟာ တစ်ထိုင်တည်းနဲ့ ဖတ်နိုင်လောက်အောင် တိုတိုရေးဖွဲ့လေ့ရှိတယ်။ ဝတ္ထုရေးဆရာက စာဖတ်သူအာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက်ကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့တာဖြစ်တယ်။ ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ပါဝင်တယ်။

ဇာတ်လမ်းဟာ ကျိုးကြောင်းဆက်စပ်နေတဲ့ ဖြစ်ရပ်ဖြစ်တယ်။ ဇာတ်ဆောင်များက အဲဒီဖြစ်ရပ်မှာ ပါဝင်လှုပ်ရှားရသူတွေဖြစ်တယ်။ ကာလဒေသနောက်ခံဟာ ဒီဖြစ်ရပ်မှာ ဖြစ်ပျက်လှုပ်ရှားတဲ့အချိန်ကာလ၊ နေရာဒေသနဲ့ လူမှုအခြေအနေတို့ဖြစ်တယ်။ ဝတ္ထုရေးဆရာဟာ မိမိဆိုလိုတဲ့အချက် အာဘော်ကို ထင်ရှားပေါ်လွင်အောင် ဝတ္ထုတိုနဲ့ဖော်ပြတာဖြစ်တဲ့အတွက် ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးတဲ့အခါ ဝတ္ထုရေးဆရာရဲ့ အာဘော်ကို စာဖတ်သူ နားလည်သွားမြဲဖြစ်တယ်။

ဝတ္ထုတိုများကို လေ့လာတဲ့အခါ ဝတ္ထုအာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့ အသိအမြင်ဆိုတဲ့ အစီအစဉ်နဲ့ လေ့လာရမှာဖြစ်တယ်။ ဝတ္ထုအာဘော်ဆိုတာ ဝတ္ထုရေးဆရာရဲ့ဆိုလိုချက်ဖြစ်တယ်။ ဇာတ်လမ်းဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ရပ်ကို သူ့ဘက်ကိုယ့်ဘက် အားပြိုင်မှုများ ဖန်တီးခြင်း၊ ဖြစ်ရပ်ကို ကြောင်းကျိုးဆက်စပ်ပြခြင်း၊ မြှုပ်ကွက်တွေကို ပြန်ဖော်ခြင်း၊ နောက်ပိုင်းဖြစ်ရပ်ကို ရှေ့ပိုင်းမှာ ကြိုတင်အရိပ်နိမိတ်ပြခြင်းတို့နဲ့ ဇာတ်လမ်းကို ဖန်တီးလေ့ရှိကြတယ်။

ဇာတ်ဆောင်ဖန်တီးပုံဆိုတာ ဇာတ်လမ်းပါဇာတ်ဆောင်တွေကို အသက်ဝင်အောင် စရိုက်သဘာဝထင်ရှားအောင် ဖန်တီးရေးဖွဲ့ကြတယ်။ ဇာတ်ဆောင်ရဲ့ ပုံပန်း၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင်အချင်းချင်း ပြောဆိုပြုမူပုံတို့ဖြင့် ဖန်တီးလေ့ရှိကြတယ်။ ဇာတ်ဆောင်တို့ရဲ့ ကိုယ်နှုတ်နှလုံးအမူအရာတို့နဲ့ ဇာတ်ဆောင်တို့ရဲ့ စိတ်နေသဘောထား၊ စရိုက်သဘာဝ ပေါ်လွင်အောင် ရေးဖွဲ့လေ့ရှိကြတယ်။ နောက်ခံဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ပျက်ရာအချိန်ကာလ၊ နောက်ခံဒေသတို့ကို ခေတ်အခြေအနေ၊ လူမှုဝန်းကျင်အခြေအနေတို့နဲ့ ထင်ဟပ်ရေးဖွဲ့လေ့ရှိတယ်။ အရေးအဖွဲ့ဆိုတာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ဖြစ်တယ်။ ရသနဲ့ အသိအမြင်ဆိုတာ ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးနောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုးရပြီး ဘယ်လိုအသိအမြင်မျိုးရတယ်ဆိုတာ လေ့လာရမှာဖြစ်တယ်။

အမျိုးသားပညာဝန် ဦးဖိုးကျားရဲ့ ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ မောင်ဘစီဝတ္ထုတိုတစ်ပုဒ်ကို လေ့လာတဲ့အခါ အပြစ်ကင်းတဲ့အလုပ်မှန်သမျှ ဂုဏ်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး အလုပ်လုပ်ရင်း ဆက်လက်ပညာသင်သဖြင့် ဘဝအခြေအနေတိုးတက်ကြီးပွားသွားကြောင်း အာဘော်ကို တွေ့နိုင်တယ်။ လူငယ်တစ်ယောက်ရဲ့ခံယူချက်နဲ့ ကြိုးစားအားထုတ်မှုကို ဇာတ်လမ်းဆင်ဖန်တီးထားတယ်။ ဇာတ်လမ်းပါ မောင်ဘစီရဲ့ ရိုးသားတဲ့စိတ်ထား၊ ကြိုးစားတဲ့စရိုက်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ပြီး ဇာတ်ဆောင်ကို ဖန်တီးထားတယ်။ ပုသိမ်တလိုင်းချောင်းအရပ်နဲ့ ပုသိမ်မြို့အမျိုးသားကျောင်းဟာ ဒီဇာတ်လမ်းရဲ့ နောက်ခံဒေသဖြစ်တယ်။ စာရေးသူဦးဖိုးကျား အမျိုးသားပညာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ် သက္ကရာဇ် ၁၉၂၀ ဝန်းကျင်ကာလမှာ ရေးတဲ့ ဝတ္ထုဖြစ်တဲ့အတွက် ဒီဝတ္ထုရဲ့ကာလနောက်ခံအဖြစ် သတ်မှတ်ရမယ်။ ဒီဝတ္ထုတိုမှာ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန် ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ်သွက်လက်တဲ့ ရေးဟန်တွေ ပေါ်လွင်ထိမိတဲ့ စကားလုံးတွေနဲ့ ရေးဖွဲ့ထားတာ တွေ့ရမယ်။ ရိုးသားကြိုးစားတဲ့ လူငယ်တစ်ဦးရဲ့ခံယူချက်နဲ့ စိတ်ဓာတ်ကို နှစ်သက်ကျေနပ်စေတဲ့ သန္တရသခံစားစေနိုင်ပြီး အလုပ်ဟူသမျှဂုဏ်ရှိကြောင်း ကြိုးစားလုပ်ကိုင်လျှင် အောင်မြင်နိုင်ကြောင်းဟူသည့် အသိအမြင်တွေ ရရှိကြောင်း လေ့လာဖော်ထုတ်ရမှာဖြစ်တယ်။

ပြဇာတ် (၃)ပုဒ်ကို လေ့လာတဲ့အခါ ပြဇာတ်ဆိုတာ ကပြသရုပ်ဆောင်နိုင်အောင် ရေးဖွဲ့တဲ့စာပေမျိုးဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကို လေ့လာတဲ့အခါမှာ ပြဇာတ်ရဲ့ အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံနဲ့ ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ်ဆရာရဲ့ဆိုလိုချက်ဖြစ်တယ်။ ပြဇာတ်ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားတွေနဲ့ ဖန်တီးရတယ်။ ဇာတ်ဆောင်တို့ရဲ့ပြောစကားနဲ့ ဇာတ်ဆောင်စရိုက်ကိုလည်း ဖန်တီးရတယ်။ ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေနဲ့ နောက်ခံကာလဒေသကို ဖော်ထုတ်ရတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံသရော်သံတွေနဲ့ ဟာသမြောက်အောင် ရေးဖွဲ့လေ့ရှိတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရမယ်။ နမူနာအဖြစ် အာဇာနည်မိခင်ပြဇာတ်ကို တင်ပြပါမယ်။ ဒီပြဇာတ်ရဲ့အာဘော်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ အသက်ပေးသွားတဲ့ အာဇာနည်သားကောင်းရဲ့မိခင်ဖြစ်ရတာ ဂုဏ်ယူတဲ့ အာဇာနည်မိခင်တစ်ဦးရဲ့စိတ်ဓာတ်ကို ဖော်ပြလိုတဲ့ စာရေးသူ၏အာဘော်ကို တွေ့ရမယ်။ ဂျပန်ခေတ်မှာ ဖက်ဆစ်တော်လှန်ရေးအတွက် အရှိန်ယူနေခိုက် တော်လှန်ရေးကို လမ်းခင်းပေးတဲ့ ပြဇာတ်တစ်ပုဒ်ဖြစ်တယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားတွေကမှ ဇာတ်ဆောင်စရိုက်၊ နောက်ခံဝန်းကျင်နဲ့ ပြဇာတ်ပါ အရေးအဖွဲ့တို့ကိုလည်း လေ့လာဖော်ထုတ်ရမှာဖြစ်တယ်။ အရေးအကြီးဆုံး အချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့ အံဝင်ခွင်ကျဖြေတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း(၂)ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆို ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ၅၅၀ နိပါတ်တော်မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်။ ဒီပျို့ကိုရေးချိန်မှာ ဆရာတော်ဟာ အသက်(၆၀) ဝန်းကျင်ကို ရောက်နေပြီဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံစုံလင်နေပြီလည်းဖြစ်တယ်။ ဒါကြောင့်မို့ ဒီပျို့ကိုရေးတဲ့အခါမှာ စာဖတ်သူ အလိမ္မာတိုးစရာအကြောင်းအရာတွေ များစွာပါဝင်လာပါတယ်။ အကြောင်းအရာအနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင်ဖြစ်ပါတယ်။

သံဝရပျို့ကို လေ့လာတဲ့အခါမှာ အကြောင်းအရာကိုရော အရေးအဖွဲ့ကိုပါ လေ့လာရမှာဖြစ်ပါတယ်။

အကြောင်းအရာကို လေ့လာတဲ့အခါမှာ နိဒါန်းမှာခွဲပြထားတဲ့ အခန်းများအလိုက် လေ့လာသင့်ပါတယ်။ ခမည်းတော်နှင့် သံဝရမင်းသားပြောဆိုခန်း၊ ဆရာအမတ်ကြီးနှင့် တိုင်ပင်ခန်းများ စသည်ဖြင့် ခွဲခြားလေ့လာရပါမယ်။

ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာဖို့ လိုအပ်ပါတယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင် (၃)ဦးတွေ့ရပါမယ်။ ပြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်တွေရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတို့ကို မိမိအရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရပါမယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့ အဖွဲ့ကောင်းများ၊ စကားပုံများ၊ ဆိုရိုးစကားများ စတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ် ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမယ်။ သာဓကပြရမယ်ဆိုရင်

"ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့၊ လက်မြှောက်ဦးတင်၊ မြလှချင် "

ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ သံဝရမင်းသားရဲ့ ခမည်းတော်မင်းကြီးဟာ သားတော်ကြီးများနည်းတူ ဇနပုဒ်ပေးရန် သံဝရမင်းသားအား ပြောကြားတဲ့အခါမှာ သံဝရမင်းသားက "ခမည်းတော်မင်းကြီး၏ ရွှေစက်ဖဝါးစုံအောက်၌ မိမိ၏လက်ကို ကြာဖူးကြာငုံသဖွယ် လက်အုပ်ချီကာနဖူးပေါ် လက်တင်ရှိခိုးဦးတင်လျက် ဖခင်အပါးမှာ အမြဲထာဝရပြုစုခွင့်ပြုပါရန် နားတော်လျှောက်ကြောင်း ဖော်ပြဖို့ ဖြစ်ပါတယ်။

"ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ ပျားရည်လူးတဲ့မြက်ကို နေ့စဉ်ရက်ဆက် စားရပါများတဲ့အခါ ယဉ်ကျေးလာတဲ့သမင်ဟာ လူအနားကို အလွယ်တကူ ကပ်လာတယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဘယ်လိုသမင်မျိုးဆိုတာကို ဖော်ပြဖို့လိုပါတယ်။ ဝါတာမိဂဆိုတဲ့ လေကဲ့သို့လျင်မြန်တဲ့သမင်ဟာ လူမြင်လို့ရှိရင် တောထဲမှာ (၇)ရက် ပုန်းနေလေ့ရှိပါတယ်။ အဲဒီလို ဝါတာမိဂသမင်မျိုးဟာ ပျားရည်လူးတဲ့ မြက်ကို စားရဖန်များလာတဲ့အခါမှာ ယဉ်ပါးပြီးနောက် လူ့အနားကို ကပ်လာတယ်လို့ဆိုချင်ကြောင်း အပြည့်အစုံ ပြောရပါမယ်။

"ထုတ်ချင်းယဉ်ကြား၊ လွန်းလျှင်သွားသို့"ဆိုတဲ့ ဥပမာအလင်္ကာဆိုရင်လည်း ယဉ်ကြားဆိုတာဟာ ရက်ကန်းစဉ်က ယဉ်သွားများကို ဆိုလိုကြောင်း ပေါ်လွင်အောင်ရေးရပါမယ်။ ယဉ်သွားများမှာ လွန်းဟာ ထုတ်ချင်းပေါက်ပြီး အလွယ်တကူသွားသလိုပါပဲဆိုတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် ဖြေရပါမယ်။

ဆက်လက်ပြီး ဆိုရိုးများအကြောင်းကို ရှင်းလင်းဆွေးနွေးပါမယ်။ ရှင်မဟာရဋ္ဌသာရရဲ့ပျို့များမှာ ဆိုရိုးစကားများ၊ စကားပုံများ အလွန်ပါပါတယ်။ စကားများသည်ပင်လျှင် နောင်အခါ ဆိုရိုးများ၊ စကားပုံများ ဖြစ်သွားတာကို တွေ့ရပါတယ်။ ဒီသံဝရပျို့မှာ "တစ်ရောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း" ဆိုတဲ့ ဆိုရိုးစကားလေးကို တွေ့ရပါမယ်။ ဒီနေ့ခေတ်မှာ အလွန်သုံးလေ့ရှိသော ဆိုရိုးဖြစ်ပါတယ်။ ကိုယ်တစ်ယောက်ချမ်းသာဖို့အတွက် အများဆင်းရဲရတယ်ဆိုတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။ အဲဒီလိုပဲ အနှစ်သာရမရှိတဲ့လူ့ဘဝကို ရှင်မဟာရဋ္ဌသာရက "ကြက်ဥဆံချောင်" လို့ ပြောပါတယ်။ ဒီစကားကလည်း ဆိုရိုးအဖြစ်နဲ့ ယခုတိုင် သုံးစွဲကြပါတယ်။ အဆံချောင်တဲ့ ကြက်ဥဆိုတဲ့အနေနဲ့ တင်စားပြီး သုံးစွဲခြင်းဖြစ်ပါတယ်။

ဒီလိုပဲ "အငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်" ဆိုတဲ့ အဖွဲ့ကိုလည်း တွေ့ရပါမယ်။ အဲဒီအဖွဲ့ကလည်း ဆိုရိုးစကားအဖြစ်နဲ့ မြန်မာလူမှုနယ်ပယ်မှာ တွင်ကျယ်နေပါတယ်။ မိဘဆိုတာ သားသမီးကို ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့မယ်။ ငယ်ငယ်ကတည်းက မဆုံးမ မသွန်သင်ခဲ့ဘူးဆိုရင် ဒီမိဘသည် ရန်သူနှင့်တူသော မိဘဖြစ်တယ်လို့ ဆိုလိုပါတယ်။

အဲဒီဆိုရိုးစကားများ ရှင်းရှင်းလင်းလင်း သိရှိနားလည်ပြီးတော့ ပြန်လည်ရေးသားတတ်ရမှာ ဖြစ်ပါတယ်။ သံဝရပျို့မှာ အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက်စွဲမက်ဖွယ်ကောင်းတဲ့ အဖွဲ့ကောင်းများကို တွေ့ရမှာဖြစ်ပါတယ်။ ငါးတို့သည် သူတို့ဘာသာဘာဝအလိုက် တံငါက ကွန်ကို ကြဲပါ ဖြန့်ပါမှ ဝင်လာတတ်ကြပါတယ်။ တံငါသည်က ကွန်ကို မကြဲမဖြန့်ဘဲ ကိုင်ဆုပ်ထားရင် ငါးတွေက ဝင်မလာတတ်ပါဘူး။

အဲဒီလိုပဲ လူတွေကို လက်ဆောင်ပစ္စည်းပေးခြင်းဖြင့် လူတွေရဲ့ ချစ်ခြင်းမေတ္တာ၊ လူတွေရဲ့ ခင်မင်မှု အဲဒါတွေကို အလွယ်တကူရရှိနိုင်မယ်။ ဒီသဘောသဘာဝတွေကို ဆရာတော်ရှင်မဟာရဋ္ဌသာရက "ငါးတို့ဘာသာ၊ တံငါကွန်စွန့်၊ ပစ်ကြဲဖြန့်မှ၊ ဝင်လာကြ၏၊ ကွန်ကိုတံငါ၊ ကိုင်ဆုပ်ငှာလျှင်၊ တီမှာငါးများ၊ ဝင်လာငြားအံ့"။ "သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြစ်လျှင်၊ ချစ်ခွင့်လွယ်ကူ၊ မြို့လုံးချူ" စသည်ဖြင့် အဖွဲ့ကောင်းများကို ထုတ်နုတ်ပြီးတော့ လေ့လာကျက်မှတ်ထားဖို့၊ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ စကားပြေနဲ့ ပြန်လည်ပြီး ရေးသားနိုင်ဖို့ ကျင့်ထားရမှာဖြစ်ပါတယ်။

မေးခွန်း(၂)မှာ ပုဒ်ခွဲ(၂)ခု ပါဝင်ပါတယ်။ ၂(က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာဖြစ်တယ်။ ၂(ခ)မှာတော့ ဇာတ်ဆောင်အလိုက် ဇာတ်ခန်းအလိုက် ပျို့တစ်စောင်လုံးအလိုက် အကြောင်းအရာ အရေးအဖွဲ့နဲ့ သုတရသသင်ခန်းစာတွေကို မေးမှာဖြစ်တယ်။ ပြဟ္မဒတ်မင်းကြီး၏ ဂုဏ်ရည်၊ အနှစ်သက်ဆုံးအခန်း၊ ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ်ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သောသဘော စသည်ဖြင့် မေးနိုင်ပါတယ်။ ရှုထောင့်အထွေထွေက လေ့လာထားရင် ပျို့ကဗျာ ဖြေဆိုရတာဟာ အလွန်နှစ်သက်ကြည်နူးစရာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ မြန်မာကဗျာဖွဲ့နည်းမေးခွန်းဖြစ်တယ်။ မြန်မာကဗျာဖွဲ့နည်းပြဋ္ဌာန်းစာမှာ မြန်မာကဗျာရဲ့ အခြေခံကျတဲ့ ကဗျာဖွဲ့နည်းတွေကို သာဓကများစွာနဲ့ ရှင်းပြထားတယ်။ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း စတဲ့ ကဗျာတွေရဲ့ သဘောအဓိပ္ပာယ်တွေ၊ အဲဒီကဗျာတွေရဲ့ စပ်နည်းတွေ၊ ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန်၊ ဇဝနဉာဏ်၊ လက်တန်းဉာဏ် စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို ကျက်မှတ်ရမှာ ဖြစ်ပါတယ်။ မေးခွန်း(၃) ပိုဒ်ခွဲ(က)မှာ အဲဒီကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာဖြစ်တယ်။ (၄)ခုပေးထားပြီး (၂)ခုဖြေရပါမယ်။

မေးခွန်း(၃)ပိုဒ်ခွဲ(ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး အဲဒီကဗျာရဲ့ အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာဖြစ်တယ်။ သာဓကပြရမယ်ဆိုရင်-

> " အောင်ပင်နှင့် နန္ဒာ
> ကြာစုံကမ္ဘွေး။
> တစ်ကန်ကို တစ်ကန်ဆက်ပါလို့
> ဂယက်တွေပင်လယ်နှိုင်းသင့်တယ်
> လှိုင်းကြက်ခွပ်ဖွေး။"

ဆိုတဲ့ ကဗျာကိုပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဖြေရပါမယ်။ ဒါနဲ့ ကြာ၊ ဆက်နဲ့ ယက်၊ နှိုင်းနဲ့ လှိုင်းတို့ဟာ ပိုဒ်တွင်းကာရန်တွေဖြစ်တာကြောင့် ခရေပွင့်ပြရမှာဖြစ်တယ်။ မွှေးနဲ့ ဖွေးကတော့ ပိုဒ်ဆုံးကာရန်ဖြစ်တာကြောင့် အပေါင်းလက္ခဏာနဲ့ ပြရပါမယ်။ အခြားစကားလုံးများကိုတော့ တုံးတို အမှတ်အသား ပြရပါမယ်။ ပထမအချိုး "ကြာစုံကမ္ဘွေး" ရဲ့ အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ ဒုတိယအချိုးဖြစ်တဲ့ "လှိုင်းကြက်ခွပ်ဖွေး"ရဲ့အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ မေးခွန်းမှာ အလျားလိုက် ဖော်ပြထားတဲ့ကဗျာကို အဖြေမှာ သူ့ကဗျာပုံစံအတိုင်း ဒေါင်လိုက်ပြန်ရေးရပါမယ်။ အဲဒီလိုဖြေဆိုရင် အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

မေးခွန်း(၄)ကတော့ မြန်မာစာပေသမိုင်း ပြဋ္ဌာန်းစာတွေကို မေးပါမယ်။ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။ ခေတ်ဆိုတဲ့ နောက်ခံကာလဝန်းကျင်ကို အကြောင်းပြုပြီး ပေါ်ထွန်းလာတဲ့ မြန်မာစာပေအထွေထွေကို ကဏ္ဍအလိုက်ပြုစုထားတဲ့ ပြဋ္ဌာန်းစာဖြစ်တယ်။

မေးခွန်း (၄)(က) က မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေဖြစ်တယ်။ (၈)ခုမေးထားပြီး (၅)ခု ဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့ စာပေဆိုင်ရာအချက်အလက်တွေကို မေးပါမယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့အတွက် တိုတိုနဲ့ တိတိကျကျ ဖြေရပါမယ်။ "ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း" လို့ မေးထားရင် ဗုဒ္ဓဝင်ဝတ္ထုဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်လို့ ဖြေရပါမယ်။ ဆရာဇော်ဂျီ မြန်မာမှုပြုထားသော ပြဇာတ်အမည်သည် အဘယ်နည်းလို့ မေးရင် "မဟာဆန်ချင်သူပြဇာတ်" လို့ဖြေရပါမယ်။ ဓားဝတ္ထုက လှုံ့ဆော်သော စိတ်ဓာတ်ကိုရေးပါဆိုရင် "အမျိုးသားရေး စိတ်ဓာတ်လို့" ဖြေရပါမယ်။ တိကျမှန်ကန်ရင် အမှတ်ပြည့်ရမယ့်မေးခွန်းတွေဖြစ်ပါတယ်။

မေးခွန်း(၄)(ခ)ကတော့ မြန်မာစာပေသမိုင်းနဲ့ပတ်သက်ပြီး ချင့်ချိန်ဆွေးနွေးရတဲ့မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာလည်း ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် အဲဒီခေတ်နှစ်ခေတ်က စာပေအခြေအနေတွေကို မေးမှာဖြစ်ပါတယ်။ သာဓကပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် မဟာဂီတသီချင်းများအကြောင်းကို လေ့လာတင်ပြပါ။ (သို့မဟုတ်) ကိုလိုနီခေတ်သမိုင်းနောက်ခံဝတ္ထုများအကြောင်းကို ဆွေးနွေးပါ။" ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်နှစ်ခေတ်ရဲ့စာပေသမိုင်းကို ကဏ္ဍအလိုက် ဆစ်ပိုင်းကျက်မှတ်ထားဖို့ လိုပါတယ်။ ဖြေဆိုရာမှာလည်း ပြည့်ပြည့်စုံစုံ ပြေပြေပြစ်ပြစ် ရေးသားနိုင်ရပါမယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်း(၄)ပုဒ်ပဲ ဖြေရပြီးတော့ ပြဋ္ဌာန်းစာ(၄)အုပ်မှာ (၁)အုပ်ကို (၁)ပုဒ် မေးမှာဖြစ်ပါတယ်။ မေးခွန်းတွေကိုချန်ပြီး ခြွင်းပြီးဖြေရင် မအောင်နိုင်ပါဘူး။ ပြဋ္ဌာန်းစာ (၄)အုပ်ကိုလည်း ချန်ပြီး ခြွင်းပြီး ကျက်လို့မရပါဘူး။ (၄)အုပ်လုံးကို ကျေကျေညက်ညက် လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ အဲဒီလို ကျေညက်နေမယ်ဆိုရင် စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမယ့်သူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ပျော်ရွှင်အောင်မြင်စွာဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေးပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။

ကြော်ငြာ

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နိုင်ရန် သူနာပြုသိပ္ပံဘွဲ့ရအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပူးတွဲ တင်ပြနိုင်ရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့တွင် အသက်(၂၅)နှစ် ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(စ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိတပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

(ဆ) သူနာပြုတက္ကသိုလ်မှ သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science) ရရှိပြီးသူဖြစ်ရမည်။ (ဘွဲ့လက်မှတ်မူရင်း တင်ပြနိုင်ရမည်)။

(ဇ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဈ) တပ်မတော်တွင်(၁၀)နှစ်အနည်းဆုံး စစ်မှုထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရေးချုပ်ရုံး**သို့ ပေးပို့ကြရမည်။

၃။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များကိုသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင်ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၄။ ရွေးချယ်ခြင်းခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်း အောင်မြင်ပြီးလျှင် ဗဟိုဆေးတပ်တွင် ရက်သတ္တပတ်(၁၂)ပတ်ကြာ သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လစာငွေ (၃၅၀၀၀)ကျပ်နှင့် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး(၃၀၀၀၀)ကျပ်၊ စုစုပေါင်း (၆၅၀၀၀)ကျပ် ခံစားခွင့်ရှိသည်။

၅။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး ရာထူးခန့်ထားရေး စည်းမျဉ်းနှင့်အညီ သူနာပြု၊ အထက်တန်းသူနာပြု၊ သူနာပြုဆရာမကြီး၊ ဒုတိယသူနာပြုအုပ်၊ သူနာပြုအုပ်အဆင့်အထိ တိုးမြှင့်ပေးမည်ဖြစ်သည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့်အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ကြော်ငြာ

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားသုံးငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကိုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်သွင်းရမည့်နောက်ဆုံးနေ့ရက်(အချိန်)
1	Materials,Fittigs and Equipments For Renovation of "THAMADA"	(One Lot)	၂၂-၁-၂၀၁၃ ရက် ၁၃:၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်တွင် ၁၅-၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက တယ်လီဖုန်းအမှတ်-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

ပစ္စည်းထိန်းချုပ်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
စတုတ္ထအကြိမ် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက်
ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း - ၄-၃-၂၀၁၃ရက် (တနင်္လာနေ့)၊ နံနက်ပိုင်း နံနက် ၉:၀၀ နာရီ၊ ညနေပိုင်း မွန်းလွဲ ၁:၀၀ နာရီ

ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့)၊ နံနက်ပိုင်း နံနက် ၉:၀၀ နာရီ၊ ညနေပိုင်း မွန်းလွဲ ၁:၀၀ နာရီ
- ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက်ပိုင်း နံနက် ၉:၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-
- ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင်ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **တက်ရောက်ဘွဲ့** - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။

(ခ) **အဝေးရောက်ဘွဲ့** - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့် (အမျိုးသား)ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်အမှတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာထဘီ၊ အင်္ကျီ)၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ရှိ ကျောင်းသားရေးရာဌာနမှဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၁-၁-၂၀၁၃ရက် (တနင်္လာနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

